
၁၀၃။ လူခစိဝရမာရိနံ၊ အင်္ဂါ **ကိံသာပိ စဂါတာဝီ**။
ဌပိတာ အင်္ဂဋ္ဌာနမှိ၊ သဒါ သောတ္ထိံ ကရောတု နော။

၁၀၄။ **သိင်္ဂါလမာတာ** ဘိက္ခုနီ၊ သဒ္ဓါဓိမုတ္တာန’မုတ္တမာ။
ကရောတု နော မဟာသန္တိံ၊ အာရောဂျဉ္စ သုခံ သဒါ။

၁၀၅။ အညာ ဘိက္ခုနိယော သဗ္ဗာ၊ နာနာဂုဏာဓရာ ဗဟူ။
ပါလေန္တု နော သဗ္ဗဘယာ၊ သောကရောဂါဒိသမ္ဘဝါ။

၁၀၆။ သောတာပန္နာဒယော သေက္ခာ၊
သဒ္ဓါပညာသီလာဓိကာ။
ဘာဂသော က္လေသဒဟနာ၊
သဒါ သောတ္ထိံ ကရောန္တု နော။

၁၀၇။ သုမနော သုမနစလော၊ အရဝါဠွေ’ရပတ္တကော။
စမ္မေယျော မုစလိန္ဒော စ၊ ကမ္ဗလော ဘုဇဂိဿရော။

၁၀၈။ ကာလနာဂေါ မဟာကာဠော၊
သင်္ခပါလော မဟောဒရော။
မဏိကဏ္ဌော မဏိအက္ခိ၊
နန္ဒနာဂေါ’ပနန္ဒကော။

၁၀၉။ ဝရုဏော ဓတရဋ္ဌော စ၊ ကုဂ်ဂိလော’ပလာလကော။
စိတြနာဂေါ မဟာဝီရော၊ ဆဗျာပုတ္တော စ ဝါသုကိ။

၁၁၀။ ကဏှာဂေါတမော ဘုဇဂိန္ဒော၊ အဂ္ဂိမုခသိခေါ တထာ။
စူဋ္ဌောဒရော အဟိစ္ဆတ္တော၊ နာဂါ ရောပထာဒယော။

၁၁၁။ အာသိဝိသာ ဃောရဝိသာ၊
ယေ သဗ္ဗေ နယနာဝုဓာ။
ဇလဋ္ဌာ ဝါ ထလဋ္ဌာ ဝါ၊
ပဗ္ဗတေယျာ နဒီစရာ။
ကရောန္တု နော မဟာသောတ္ထိံ၊
အာယုမာ’ရောဂိယံ သဒါ။

၁၉၂။ နိဗ္ဗာမတဏှိကာ ပေတာ၊
ဥသုသတ္တိ စ လောမကာ။
မံသပိဏ္ဍာဒယော ပေတာ၊
ပေတာ ဝေမာနိကာဒယော။
ပါလေန္တု နော သမ္ဘဝါယ၊
သဒါ တေ သုခိနော သဒါ။

၁၉၃။ ယေ ပဟာရာဒသမ္ဗရ-ဗလျာသုရဂဏာ စ ယေ။
ဝေပစိတ္တာသုရဂဏာ၊ စန္ဒာသုရဂဏာဒယော။

၁၉၄။ သဗ္ဗေ တေ ပိ မဟာတေဇာ၊ ဘူတယက္ခနိဝါရဏာ။
ကရောန္တု နော မဟာသောတ္ထိံ၊ အာရောဂျဥ္စ ဇယံ သဒါ။

၁၉၅။ ယေ ယက္ခာ သတ္တသဟဿာ၊ ဘုမ္မာ ကာပိလဝတ္ထုကာ။
ဥဒ္ဒိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။

၁၉၆။ သဗ္ဗေ ဇိသရဏာ ယက္ခာ၊ မဟေသက္ခာ ဇုတိန္ဓရာ။
ကရောန္တု နော မဟာသောတ္ထိံ၊ အာရောဂျဥ္စ ဇယံ သဒါ။

၁၉၇။ ဆသဟဿာ ဟေမဝတာ၊ ယက္ခာ နာနတ္တဝဏ္ဏိနော။
ဗုဒ္ဓပူဇာယ နိရတာ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၁၉၈။ သာတာဂိရာ တိသဟဿာ၊
ယက္ခာ နီလာဒိဝဏ္ဏိနော။
နာနာပဘာယ သမ္ပန္နာ၊
သဒါ သောတ္ထိံ ကရောန္တု နော။

၁၉၉။ ဝေဿာမိတ္တာ ပဥ္စသတာ၊
ယက္ခာ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊
ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ အဘိက္ကာမုံ၊
သဒါ သောတ္ထိံ ကရောန္တု နော။

၂၀၀။ **ကုန္တီစရာ** ရာဇဂဟိကော၊
ဝေပုလ္လံ သ နိဝေသနံ။
ဘိယျော နံ သတသဟဿံ၊
ယက္ခာနံ ပယိရုပါသတိ။
ယော ယက္ခေဟိ ပရိဝါရော၊
သဒါ သောတ္ထိံ ကရောတု နော။

၂၀၁။ ပုရိမဉ္စ ဒိသံ ရာဇာ၊ **ဓတရဋ္ဌော** ပသာသတိ။
ဂန္ဓဗ္ဗာနံ အဓိပတိ၊ မဟာရာဇာ ယသဿိ သော။

၂၀၂။ ပုတ္တာပိ တဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟဗ္ဗလာ။
သော ရာဇာ သဟ ပုတ္တေဟိ၊
သဒါ သောတ္ထိံ ကရောတု နော။

၂၀၃။ ဒက္ခိဏဉ္စ ဒိသံ ရာဇာ၊ **ဝိရူဠှော** တံ ပသာသတိ။
ကုမ္ဘဏ္ဍာနံ အဓိပတိ၊ မဟာရာဇာ ယသဿိ သော။

၂၀၄။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဝိရူဠှော သဟ ပုတ္တေဟိ၊သဒါ သောတ္ထိံ ကရောတု နော။

၂၀၅။ ပစ္ဆိမဉ္စ ဒိသံ ရာဇာ၊ **ဝိရူပက္ခော** ပသာသတိ။
နာဂါနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိ သော။

၂၀၆။ ပုတ္တာပိ တဿ ဗဟဝေါ၊ ဣန္ဒနာမာ မဟဗ္ဗလာ။
ဝိရူပက္ခော သပုတ္တေဟိ၊ သဒါ သောတ္ထိံ ကရောတု နော။

၂၀၇။ ဥတ္တရဉ္စ ဒိသံ ရာဇာ၊ **ကုဝေရော** တံ ပသာသတိ။
ယက္ခာနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿိ သော။

၂၀၈။ ပုတ္တာပိ တဿ ဗဟဝေါ၊
ဣန္ဒနာမာ မဟဗ္ဗလာ။
ကုဝေရော သဟ ပုတ္တေဟိ၊
သဒါ သောတ္ထိံ ကရောတု နော။

၂၀၉။ ပုရိမံ ဒိသံ ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။

၂၁၀။ စတ္တာရောတေ မဟာရာဇာ၊ သမန္တာ စတုရော ဒိသာ။
ဒဒ္ဒလ္လမာနာ အဋ္ဌံသု၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၁၁။ တေသံ မာယာဝိနော ဒါသာ၊ အာဂုံ ဝဉ္စနိကာ သဌာ။
မာယာ ကုဋေဏ္ဍု ဝိဋေဏ္ဍု၊ ဝိဋုစ္စ ဝိဋုဋော သဟ။

၂၁၂။ စန္ဒနော ကာမသေဋ္ဌော စ၊ ကိန္နုဃဏ္ဍု နိဃဏ္ဍု စ။
ပနာဒေါ ဩပမညော စ၊ ဒေဝသူတော စ မာတလိ။

၂၁၃။ စိတ္တသေနော စ ဂန္ဓဗ္ဗော၊ နဠောရာဇာ ဇနေသဘော။
ဝရော ပဉ္စသိခေါ စေဝ၊ တိမ္ဗရူ သူရိယဝစ္ဆသာ။

၂၁၄။ ဧတေ စ'ညေ စ ရာဇာနော၊ ဂန္ဓဗ္ဗာ စ မဟဗ္ဗလာ။
မောဒမာနာ သဒါ သောတ္ထိံ၊နော ကရောန္တု အနာမယံ။

၂၁၅။ မဟန္တာ နာဂသာ နာဂါ၊ ဝေသာလာ သဟ တစ္ဆကာ။
ကမ္ဗလဿတရာ စာပိ၊ မေရုပါဒသိတာ ဗလာ။

၂၁၆။ ယာမုနာ ဓတရဋ္ဌာ စ၊ သဗ္ဗေ နာဂါ ယသဿိနော။
ဧရာဝဏော မဟာနာဂေါ၊ နော ကရောန္တု အနာမယံ။

၂၁၇။ မဟိဒ္ဓိကာ သုပဏ္ဏာ ယေ၊ နာဂရာဇေ မဟဗ္ဗလေ။
ဂဟေတွာ ဗိနခေတွေဝ၊ ပက္ခိန္ဒိံ သု နဘော ဗလာ။
တေ ဗုဒ္ဓသရဏာ သဗ္ဗေ၊ သောတ္ထိံ ကရောန္တု နော သဒါ။

၂၁၈။ ပထဗျာ'ပေါ စ တေဇော စ၊ ဝါယော ဒေဝါ မဟိဒ္ဓိကာ။
ဥပစာရေန နိဗ္ဗတ္တာ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၁၉။ ဝရုဏာ ဝါရုဏာ ဒေဝါ၊
သောမော စ ယသသာ သဟ။
မေတ္တာကာရုဏိကာ သဗ္ဗေ၊
သဒါ သောတ္ထိံ ကရောန္တု နော။

၂၂၀။ ပဏ္ဏာသယောဇနာယာမေ၊
ဝိမာနေ ရတနာမယေ။
ဌိတော တမေ ဝိဟန္တွာန၊
သူရိယော သောတ္ထိံ ကရောတု နော။

၂၂၁။ စန္ဒော သီတကရော လောကေ၊
ပဘာယု’ဇ္ဇလိတော’ဒယော။
မဟန္ဓကာရဝိဒ္ဓံသီ၊
သဒါ သောတ္ထိံ ကရောတု နော။

၂၂၂။ ဝေဏှု စ သဟလီ ဒေဝါ၊ အသမာ စ ဒုဝေ ယမာ။
စန္ဒဿူပနိဿာ ဒေဝါ၊ ဒေဝါ သူရိယနိဿိတာ။
ဗုဒ္ဓဿ မာမကာ သဗ္ဗေ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၂၃။ နက္ခတ္တာနိ ပုရက္ခတွာ၊
ဒေဝါ မန္ဒဝလာဟကာ။
သက္ကော ပုရိန္ဒဒေါ သေဋ္ဌော၊
သဒါ သောတ္ထိံ ကရောန္တု နော။

၂၂၄။ မဟဏှာ သဟဘူ ဒေဝါ၊ ဇလမဂ္ဂိသိခါရိဝ။
အရိဋ္ဌကာ စ ရောဇာ စ၊ ဥမာပုပ္ဖနိဘာသိနော။

၂၂၅။ ဝရုဏာ သဟဓမ္မာ စ၊
အစ္စုတာ စ အနေဇကာ။
သူလေယျရုစိရာ ဒေဝါ၊
ဒေဝါ ဝါသဝနေသိနော။
ဒသေ’တေ ဒသဓာ ကာယာ၊
သဒါ သောတ္ထိံ ကရောန္တု နော။

၂၂၆။ သမာနာ မဟာသမာနာ၊ မာနုသာ မာနုသုတ္တမာ။
ခိဍ္ဍာပဒေါသိကာ ဒေဝါ၊ ဒေဝါ မနောပဒေါသိကာ။

၂၂၇။ အထာပိ ဟရယော ဒေဝါ၊
ဒေဝါလောဟိတဝါသိနော။
ပါရဂါ မဟာပါရဂါ၊
သဗ္ဗေ ဒေဝါ ယသဿိနော။
ဒသေ'တေ ဒသဓာ ကာယာ၊
သဒါ သောတ္ထိံ ကရောန္တု နော။

၂၂၈။ သုက္ကာ ကရမ္ဘာ အရုဏာ၊ အာဂုံ ဝေဃနသာ သဟ။
ဩဒါတဂယှာ ပါမောက္ခာ၊ အာဂုံ ဒေဝါ ဝိစက္ခဏာ။

၂၂၉။ သဒါမတ္တာ ဟာရဂဇာ၊ မိဿကာ စ ယသဿိနော။
ထနယံ အာဂ ပဇ္ဇုန္နော၊ ယော ဒိသာသု'ဘိဝဿတိ။

၂၃၀။ ဒသေ'တေ ဒသဓာ ကာယာ၊ သဗ္ဗေ နာနတ္တဝဏ္ဏိနော။
ဣဒ္ဓိမန္တော ဇုတိမန္တော၊ ဝဏ္ဏဝန္တော ယသဿိနော။
မောဒမာနာ ဇိနဒါနာ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၃၁။ လောကဓာတုသဟဿေသု၊
ဒသဿေဝ သမန္တတော။
ဒေဝါဒယော ပါဏဂဏာ၊
သဒါ သောတ္ထိံ ကရောန္တု နော။

၂၃၂။ ခေမိယာ ကဋ္ဌကာယာ စ၊
ဇောတိနာမာ မဟိဒ္ဓိကာ။
လမ္ဗိတကာ လာမသေဋ္ဌာ၊
သဒါ သောတ္ထိံ ကရောန္တု နော။

၂၃၃။ ဇလဋ္ဌာ စ ထလဋ္ဌ'ညေ၊
ဒေဝါ'ကာသဋ္ဌကာဒယော။
ယက္ခဂန္ဓဗ္ဗကုမ္ဘဏ္ဍာ၊
ပိသာစာ ယေ မဟောရဂါ။
မေတ္တစိတ္တာ စ သဗ္ဗေ တေ၊
သောတ္ထိံ ဖာသုံ ကရောန္တု နော။

၂၃၄။ တာဝတိံသာ စ ယေ ဒေဝါ၊ ယာမာ ဒေဝါ မဟိဒ္ဓိကာ။
တုသိတာ စ မဟာဒေဝါ၊ နိမ္မာနရတိနော’မရာ။

၂၃၅။ ဝသဝတ္တီသု ရတိနော၊ သဗ္ဗေ ဒေဝါ သဝါသဝါ။
ဗုဒ္ဓပူဇာယ နိရတာ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၃၆။ ဗြဟ္မာနော **ပါရိသဇ္ဇာ** စ၊ ယေ စ **ဗြဟ္မပုရောဟိတာ**။
**မဟာဗြဟ္မာ** စ သဗ္ဗေ တေ၊ ပဌမဇ္ဈာနသဏ္ဌိနော။

၂၃၇။ မေတ္တာဝိဟာရိနော သန္တာ၊
သမ္ဗုဒ္ဓဿ ပရာယဏာ။
ကရောန္တု နော မဟာသောတ္ထိံ၊
သေက္ခာသေက္ခပုထုဇ္ဇနာ။

၂၃၈။ **ပရိတ္တာဘာ’ပ္ပမာဏာဘာ၊** ဗြဟ္မာ စာ’**ဘဿရာ** တထာ။
ဗုဒ္ဓပူဇာယ နိရတာ၊ ဒုတိယဇ္ဈာနသဏ္ဌိနော။

၂၃၉။ မေတ္တာကာရုဏိကာ သဗ္ဗေ၊ သဗ္ဗသတ္တဟိတေသိနော။
ကရောန္တု နော မဟာသန္တိံ၊ သောတ္ထိ’မာရောဂျ’မာယုဝံ။

၂၄၀။ **ပရိတ္တသုဘာ** ဗြဟ္မာနော၊ **အပ္ပမာဏသုဘာ** စ ယေ။
**သုဘကိဏှာ** စ ဗြဟ္မာနော၊ တတိယဇ္ဈာနသဏ္ဌိနော။

၂၄၁။ ပဘာယ ဖရဏာ လောကေ၊ ဗုဒ္ဓဇ္ဈာနရတာ သဒါ။
အဟိံသာ သဗ္ဗသတ္တေသု၊ သဒါ သန္တိံ ကရောန္တု နော။

၂၄၂။ **ဝေဟပ္ဖလာ**ပိ ဗြဟ္မာနော၊ စတုတ္ထဇ္ဈာနသဏ္ဌိနော။
သေက္ခပုထုဇ္ဇနာ’သေက္ခာ၊ သဒါ သန္တိံ ကရောန္တု နော။

၂၄၃။ သမ္ပတ္တိယာ န ဟာယန္တိ၊ ဗြဟ္မာနော ဇိနသာဝကာ။
**အဝိဟာ**နာမကာ သဗ္ဗေ၊ သဒါ သန္တိံ ကရောန္တု နော။

၂၄၄။ **အတပ္ပါ** နာမ ဗြဟ္မာနော၊ စတုတ္ထဇ္ဈာနသဏ္ဌိနော။
ဗြဟ္မဝိဟာရိကာ သဗ္ဗေ၊ သောတ္ထိံ ဖာသုံ ကရောန္တု နော။

၂၄၅။ **သုဒဿာ** နာမ ဗြဟ္မာနော–ဘိရူပါ ဗျာနဘောဂိနော။
အပုနာဂမနာ ကာမေ၊ သန္တိံ ဖာသုံ ကရောန္တု နော။

၂၄၆။ ဗြဟ္မဝိဟာရသမ္ပန္နာ၊ ဇိနဘတ္တိပရာယဏာ။
ဗြဟ္မာနော **သုဒဿီ** နာမ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၄၇။ **အကနိဋ္ဌာ စ** ဗြဟ္မာနော၊ ဇေဋ္ဌာ သဗ္ဗဂုဏေဟိ စ။
ပဟီနဘဝနိဿေဟာ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၄၈။ **ပဌမာရူပဗြဟ္မာနော**၊ သဗ္ဗရူပဝိရာဂိနော။
ဇိနဘတ္တိရတာ သဗ္ဗေ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၄၉။ **ဒုတိယာရူပဗြဟ္မာနော**၊ ဟေဋ္ဌာဈာနဝိရာဂိနော။
ဇိနဘတ္တိရတာ သဗ္ဗေ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၅၀။ **တတိယာရူပဗြဟ္မာနော**၊ ဟေဋ္ဌာဈာနဝိရာဂိနော။
ဇိနဘတ္တိရတာ သဗ္ဗေ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၅၁။ **စတုတ္ထာရူပဗြဟ္မာနော**၊ ဟေဋ္ဌာဈာနဝိရာဂိနော။
ဇိနဘတ္တိရတာ သဗ္ဗေ၊ သဒါ သောတ္ထိံ ကရောန္တု နော။

၂၅၂။ ဝေဒေဟော’ပရဂေါယာနေ၊ ဇမ္ဗုဒီပေ ကုရုမှိ စ။
ဒေဝယက္ခပိသာစေဟိ၊ သဒ္ဓိံ ဝိဇ္ဇာဓရောဒယော။

၂၅၃။ အာကာသဋ္ဌာ စ ဗြဟ္မာနော၊
ဇလဋ္ဌာ စ’န္တလိက္ခဇာ။
ဒွိပဒါဒယော ယေ သတ္တာ၊
သဒါ သောတ္ထိံ ကရောန္တု နော။

၂၅၄။ မာရသေနဝိဃာတဿ၊ ဇိနဿ သုခဈာယိနော။
တေဇောဗလေန မဟတာ၊ သဒါ မင်္ဂလ’မတ္ထု နော။

၂၅၅။ နာနာဂုဏဝိစိတ္တဿ၊ ရူပကာယဿ သတ္ထုနော။
သဗ္ဗဒေဝမနုဿာနံ၊ မာရဗြဟ္မဝိမောစိနော။
မေတ္တာဗလေန မဟတာ၊ သဒါ မင်္ဂလ’မတ္ထု နော။

၂၅၆။ သဗ္ဗညုတာဒိကာယဿ၊ ဓမ္မကာယဿ သတ္ထုနော။
စက္ခာဒျဂေါစရဿာပိ၊ ဂေါစရဿေဝ ဘူရိယာ။
တေဇောဗလေန မဟတာ၊ သဗ္ဗမင်္ဂလ’မတ္ထု နော။

၂၅၇။ ရူပကာယသဒိသဿ၊ နိမ္မိတဿ မဟေသိနော။
ဓမ္မဿ ဝတ္တုနော သင်္ဃေ၊ ဒေဝါနံ သုဂတာ ပတိ။
တေဇောဗလေန မဟတာ၊ သဒါ မင်္ဂလ’မတ္ထု နော။

၂၅၈။ သိက္ခိတွာ မာနုသေ ဒေဝေ၊ မောစယိတွာ သဒေဝကေ။
သဒ္ဓီရေ ပဇဟန္တဿ၊ နိဗ္ဗုတဿ မဟေသိနော။
မဟန္တေနာ နုဘာဝေန၊ သဗ္ဗမင်္ဂလ’မတ္ထု နော။

၂၅၉။ စတုရာသီတိသဟဿ-ဓမ္မက္ခန္ဓဿ တေဇသာ။
နဝင်္ဂသာသနဿာပိ၊ နဝလောကုတ္တရဿ စ။
သဗ္ဗပါပပဝါဟေန၊ သဗ္ဗမင်္ဂလ’မတ္ထု-နော။

၂၆၀။ မဟာတော’ရိယသံဃဿ၊ ပုညက္ခေတ္တဿ တာဒိနော။
ပဟီနသဗ္ဗပါပဿ၊ သီလာဒိက္ခန္ဓဓာရိနော။
မဟာတေဇာနုဘာဝေန၊ သဗ္ဗမင်္ဂလ’မတ္ထု နော။

၂၆၁။ ပါတာလေ ဘူတလာကာသေ၊ ဒေဝယက္ခပိသာစကာ။
ဝိဇ္ဇာဓရာ စ ဂန္ဓဗ္ဗာ၊ နာဂကုမ္ဘဏ္ဍရက္ခသာ။
သဗ္ဗေသ’မာနုဘာဝေန၊ သဗ္ဗမင်္ဂလ မတ္ထု နော။

၂၆၂။ ဣစ္စေဝ’မုပ္ပါတသန္တိံ၊ ယော ဝဒေယျ သုဏေယျ ဝါ။
ဝိဇေယျ သဗ္ဗပါပါနိ၊ ဝုဍ္ဎတ္တဉ္စ ဘဝိဿတိ။

၂၆၃။ သောတ္ထိကာမော လဘေ သောတ္ထိံ၊
သုခကာမော သုခံ လဘေ။
အာယုကာမော လဘေယျာ’ယုံ၊
ပုတ္တကာမော လဘေ သုတေ။

၂၆၄။ န တဿ ရောဂါ ဗာဓေန္တိ၊ ဝါတပိတ္တာဒိသမ္ဘဝါ။
အကာလမရဏံ နတ္ထိ၊ န ဒေဝေါ ဝိသမော’သရေ။

၂၆၅။ န စု’ပ္ပါတဘယံ တဿ၊ နောပိ ပတ္တဘယံ တထာ။
နဿန္တိ ဒုန္နိမိတ္တာနိ၊ ပါပကမ္မဉ္စိတာနိ စ။
ဒီဃမာယု မဟာသောတ္ထိ၊ အာရောဂျဉ္စ သဒါ ဘဝေ။

၂၆၆။ ယော သုတွာပိ မဟာသန္တိံ၊ သဂ်ါမံ ပဝိသေ နရော။
ဝိဇယေ ဝေရိနော သဗ္ဗေ၊ န သတ္တေဟျ’ဘိဘူယတေ။

၂၆၇။ သဗ္ဗဒါ လဘတေ ပီတိံ၊ ဝိပတ္တိံ နာဝဂါဟတိ။
ရောဂေဟိ နာဘိဘူယတေ၊ သဝတ္ထုဟိ ဝိဝဍ္ဎတေ။

၂၆၈။ ယတ္ထ ဒေသေ ဝကောဝကာ၊ ဗာဋ္ဌကာ ရက္ခသာဒယော။
ဥပ္ပါတသန္တိဃောသေန၊ သဗ္ဗေ တတ္ထ သမန္တိ တေ။

၂၆၉။ ယ’မုဒ္ဒိဿ ဝဒေ သန္တိံ၊ သဇီဝဉ္စာပျ’ဇီဝိတံ။
သော မုစ္စတေ မဟာဒုက္ခာ၊ ပပ္ပေါတိ သုဂတိံ သဒါ။

၂၇၀။ ဒေဝဋ္ဌာနေ နဂရေ ဝါ၊ နိစ္စ’မုပ္ပါတသန္တိယာ။
ပါလကာ ဒေဝရာဇာနော၊ တေဇသိရိဝိဍ္ဎနာ။

၂၇၁။ ပထဗျာပါဒိသဉ္ဇာတာ၊ ဥပ္ပါတာ စ’န္တလိက္ခဇာ။
ဇုန္ဒာဒိဇနိတုပ္ပါတာ၊ ပါပကမ္မသမုဋ္ဌိတာ။
သဗ္ဗုပ္ပါတာ ဝိနဿန္တိ၊ တေဇသု’ပ္ပါတသန္တိယာတိ။

ဥပ္ပါတသန္တိ နိဋ္ဌိတာ။

# ဥပုသ်သတ္တိ—မြန်မာဘာသာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

(က) မြတ်စွာဘုရားသည် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ အကျိုးရှိရန် ဟောကြားတော်မူအပ်သော ဤလောကီ, လောကုတ္တရာ တရားတော်သည် ဉာဏ်မျက်စိဖြင့် အလွန်မြင်နိုင်ခဲ၏၊ ထိုလောကီ, လောကုတ္တရာ တရားတော်တို့တွင် ယခုပြဆိုလတ္တံ့သော ဘုရားစသည်တို့၏ ဂုဏ်ကျေးဇူးတရားတော်သည် လောက၌ အထူးသဖြင့် မှန်မြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြတတ်၏၊ ခပ်သိမ်းသော စည်းစိမ်ကို ပေးတတ်၏။

(ခ) ကိုယ်တွင်းကိုယ်ပ၌ ကျရောက်ဖြစ်ပွါးသော ဘေးရန်ခပ်သိမ်းကို ငြိမ်းအေးစေတတ်၏၊ မြေဘုတ်ဘီလူးဘေးကို တားမြစ်တတ်၏၊ ဥပစ္ဆေဒကကံကြောင့် သေချိန်မရောက်မီ သေလွန်ခြင်းကို ငြိမ်းအေးစေတတ်၏၊ စိတ်၏စိုးရိမ်ကြောင့်ကြခြင်း, ကိုယ်၏ကျင်နာခြင်းကို ပယ်ဖျောက်တတ်၏။

(ဂ) သူတပါးတို့ တန်ခိုးအာဏာစက်ကို ဖျက်ဆီးတတ်၏၊ မင်း၏ရန်သူကို အထူးသဖြင့် အောင်နိုင်ခြင်းကို တိုးပွါးစေတတ်၏၊ အလိုမရှိအပ်သော ဘေးရန်ခပ်သိမ်းကို ပယ်ဖျောက်တတ်၏၊ ငြိမ်သက်ချမ်းသာစေတတ်၏၊ ဤသို့သဘောရှိသော ဘုရားစသည်တို့၏ ဂုဏ်ကျေးဇူးတရားကို ဟုတ်မှန်တိုင်း ဟောကြားမြွက်ဆိုပါအံ့။

(ဃ) ရတနာသုံးပါး၏ဂုဏ်ကျေးဇူးတော်ကို ယုံကြည်သော အကြင်သူသည် အကြင်အရပ်ဒေသ၌ ရတနာသုံးပါးအပေါင်း၏ မှန်မြတ်သော ဂုဏ်ကျေးဇူးတော်တို့ကို ဖွင့်ဆိုချီးကျူး၏၊ ထို

သူ့အား ထိုအရပ်ဒေသ၌ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း, အနာရောဂါကင်းခြင်း အကျိုးစီးပွါးတို့သည် အခါခပ်သိမ်းဖြစ်ပေါ်လာကုန်၏။

**နှစ်ကျိပ်ရှစ်ဆူဘုရားများ**

၁။ **တဏှင်္ကရာ**မြတ်စွာဘုရားသည် ကြီးမြတ်သော လုံ့လဝီရိယရှိတော်မူ၏၊ ခပ်သိမ်းသော လူ, နတ်, ဗြဟ္မာသတ္တဝါတို့ကို အစဉ်သနားတော်မူ၏၊ သံသရာဝဋ်၌ ဖြစ်စေတတ်သော တဏှာကို ထွေးအန်စွန့်ပယ်တော်မူ၏၊ ခပ်သိမ်းသော အလိုဆန္ဒကို အခါခပ်သိမ်း ပေးတော်မူ၏။

၂။ ဘုံသုံးပါး၌ ဖြစ်သော ခပ်သိမ်းသောတရားကို လွှမ်းမိုးတော်မူနိုင်၏၊ ဘုံလေးပါး၌ ဖြစ်သော ခပ်သိမ်းသောတရားကို သိမြင်တော်မူ၏၊ ခပ်သိမ်းသော လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ ဆရာမြတ်ဖြစ်တော်မူ၏၊ ခပ်သိမ်းသော အာသဝေါတရားလေးပါး ကုန်ခန်းတော်မူ၏၊ ထိုတဏှင်္ကရာ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁)

၃။ **မေဓင်္ကရာ**မြတ်စွာဘုရားသည် မွန်မြတ်သော လက္ခဏာတော်ကြီးသုံးဆဲ့နှစ်ပါး, လက္ခဏာတော်ငယ် ရှစ်ဆယ်တို့နှင့် ပြည့်စုံတော်မူ၏၊ ကိုယ်တော်ရောင်, ဉာဏ်တော်ရောင်ကို ဆောင်တော်မူ၏၊ ကြီးမြတ်သောဘုန်း, ပညာ, အသရေရှိတော်မူ၏၊ တရွှေရွှေသွားနေသော ရွှေတောင်နှင့် တူတော်မူ၏။

၄။ ဗြဟ္မာမင်းနှင့်တူသော ကိုယ်သဏ္ဌာန် ရှိတော်မူ၏၊ ကြီးမြတ်သော ကိုယ်ရှိတော်မူ၏၊ များစွာသောသူတို့ ကိုးကွယ်ရာဖြစ်တော်မူ၏၊ ကြီးမြတ်သော ကိုယ်တော်အားဆယ်ပါး, ဉာဏ်တော်အားဆယ်ပါး ရှိတော်မူ၏၊ ကြီးမြတ်သောသနားခြင်းကရုဏာရှိတော်မူ၏၊ လူ, နတ်, ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူ၏၊

ထိုမေဝက်ရာ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၂)

၅။ **သရဏင်္ကရာ**မြတ်စွာဘုရားသည် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ ကိုးကွယ်ရာဖြစ်တော်မူ၏၊ ကြီးစွာသော အဝိဇ္ဇာ အမိုက်မှောင်ကို ပယ်ဖျောက်တော်မူ၏၊ နတ်, အသုရာ, လူ ဟူသော သတ္တလောက၏ မျက်မှောက်တမလွန် နှစ်တန်သော အကျိုးစီးပွါးကို ပြုတော်မူ၏။

၆။ တလံမျှလောက်သော ရောင်ခြည်တော်ဖြင့် အလွန် နှစ်သက်ကြည်ညိုဘွယ် ရှိတော်မူ၏၊ ပဒုမ္မာပင်၏ အဝန်းကဲ့သို့ အလံတော်နှင့် အရပ်တော်ညီမျှသဖြင့် ဝန်းဝိုင်းသော ကိုယ် ရှိတော်မူ၏၊ ပဒုမ္မာသီးမှည့်ကဲ့သို့ နီမြန်းသော နှုတ်ခမ်းရှိတော် မူ၏၊ ထိုသရဏင်္ကရာ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါ ခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၃)

၇။ **ဒီပင်္ကရာ**မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ် မြင့်တော်မူ၏၊ ထိုဒီပင်္ကရာမြတ်စွာဘုရား၏ ကိုယ်တော်ရောင် သည် တဆဲ့နှစ်ယူဇနာ အရပ်တိုင်အောင် နေ့ညဥ့်မစဲ အမြဲကွန့်မြူး ထွက်ကြွတော်မူ၏။

၈။ လောကသုံးပါး၌ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူ၍ ကျွတ်ထိုက်သော ဝေနေယျတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူ၏၊ လောကသုံးပါး၌ ကိုယ်တော်ရောင်, ဉာဏ် တော်ရောင်ကို ပြုတော်မူ၏၊ ထိုဒီပင်္ကရာမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၄)

၉။ **ကောဏ္ဍညာ**မြတ်စွာဘုရားသည် ရှစ်ဆဲ့ရှစ်တောင် အရပ် မြင့်တော်မူ၏၊ ခပ်သိမ်းသော ဘုရားဂုဏ်ကျေးဇူးတော်တို့ဖြင့် အတုရှိတော်မမူ၊ ခပ်သိမ်းသော ဘုရားဖြစ်ကြောင်း ပါရမီတော် တို့၏ အပြီးအဆုံးသို့ ရောက်တော်မူ၏။

၁၀။ ထိုကောဏ္ဍညမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်တသိန်းရှည်တော်မူ၏၊ ထိုကောဏ္ဍညမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ဘေးရန်ခပ်သိမ်းမှ လွတ်စေတော်မူပါဘုရား၊ အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၅)

၁၁။ **မင်္ဂလ**မြတ်စွာဘုရားသည် ကိုယ်တော်ရောင်, ဉာဏ်တော်ရောင်ကို ဆောင်တော်မူ၏၊ ရှစ်ဆဲ့ရှစ်တောင်အရပ်မြင့်တော်မူ၏၊ အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏။

၁၂။ ထိုမင်္ဂလမြတ်စွာဘုရား၏ အညို, အရွှေ, အနီ, အဖြူ, အမောင်း, ပြိုးပြိုးပြက်ပြက် အဆင်းခြောက်မျိုးရှိသော ရောင်ခြည်တော်တို့သည် တသောင်းသော စကြဝဠာ လောကဓာတ်တို့ကို ကွန့်မြူးပြန့်နှံ့စေလျက် ဖုံးလွှမ်းတော်မူကုန်၏၊ ထိုမင်္ဂလမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၆)

၁၃။ **သုမန**မြတ်စွာဘုရားသည် တရွှေရွှေ သွားနေသော ရွှေတောင်နှင့် တူတော်မူ၏၊ အတောင်ကိုးဆယ် အရပ်မြင့်တော်မူ၏၊ အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏။

၁၄။ တဆဲ့ရှစ်ပါးသော ဘုရားဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၏၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို ရှာမှီးတော်မူ၏၊ ထိုသုမနမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း မှန်မြတ်သော ငြိမ်သက်ခြင်း အနာရောဂါကင်းခြင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၇)

၁၅။ **ရေဝတ**မြတ်စွာဘုရားသည် ခပ်သိမ်းသော လောကသုံးပါးထက် မြတ်တော်မူ၏၊ လောကသုံးပါးကို သိမြင်တော်မူ၏၊ အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ အနှစ်ခြောက်သောင်း အသက်ရှည်တော်မူ၏။

၁၆။ ထိုရေဝတမြတ်စွာဘုရား၏ ကိုယ်တော်၌ ဖြစ်ထွန်းသော အတုမရှိသော ရောင်ခြည်တော်အစဥ်သည် အမြဲမပြတ် တယ့်လွန်စွာ အရပ်ဒေသ၌ ကွန့်မြူးပြန့်နှံ့တော်မူ၏၊ ထိုရေဝတမြတ်စွာဘုရား သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။ (၈)

၁၇။ **သောဘိတ**မြတ်စွာဘုရားသည် အနှစ်ကိုးသောင်း အသက် ရှည်တော်မူ၏၊ သံသရာဝဋ်ဟူသော မဟာသမုဒ္ဒရာ၌ များစွာသော သတ္တဝါတို့ကို ငြိုငြင်ဆင်းရဲခြင်းမှ လွတ်မြောက်စေတော်မူ၏။

၁၈။ ထိုသောဘိတမြတ်စွာဘုရားသည် ငါးဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ အရပ်မျက်နှာခပ်သိမ်းကို ကိုယ်တော်ရောင်, ဉာဏ်တော်ရောင်ဖြင့် ထွန်းလင်း တောက်ပစေတော်မူ၏၊ ထို သောဘိတမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၉)

၁၉။ **အနောမဒဿီ**မြတ်စွာဘုရားသည် တန်ခိုး အာနုဘော် ကြီးမြတ်တော်မူ၏၊ ရန်သူတို့ မလွှန်မြောက်နိုင်၊ ငါးဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ နတ်နှင့်တကွသော လောက၌ ကိုယ်တော် ရောင်, ဉာဏ်တော်ရောင်ဖြင့် ထွန်းလင်းတောက်ပတော်မူ၏။

၂၀။ လူ, နတ်, ဗြဟ္မာသတ္တဝါတို့ကို နိဗ္ဗာန်သို့ ရောက်စေတော် မူ၏၊ အနှစ်တသိန်း အသက်ရှည်တော်မူ၏၊ ထိုအနောမဒဿီ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက် ချမ်းသာခြင်းကို ပြုတော်မူပါဘုရား၊အကျွန်ုပ်တို့သည် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံရပါလိုကုန်၏ ဘုရား။ (၁၀)

၂၁။ **ပဒုမ**မြတ်စွာဘုရားသည် လူသုံးပါးတို့ထက် ကြီးတော် မူ၏၊ လူသုံးပါးတို့ထက် မြတ်တော်မူ၏၊ ငါးဆဲ့ရှစ်တောင် အရပ် မြင့်တော်မူ၏၊ နေမင်းကဲ့သို့ တင့်တယ်တော်မူ၏။

၂၂။ ထိုပဒုမမြတ်စွာဘုရား၏ အသက်တော်သည် အနှစ် တသိန်းရှည်တော်မူ၏၊ သတ္တဝါတို့ကို သနားခြင်း ကရုဏာ

ရှိတော်မူ၏၊ ထိုပဒုမ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါ ခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၁၁)

၂၃။ **နာရဒ**မြတ်စွာဘုရားသည် အလိုဆန္ဒခပ်သိမ်းကို ပေး တော်မူ၏၊ ရှစ်ဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ကိုယ်ရောင် တော်သည် အမြဲမပြတ် နေ့ညဉ့်ပတ်လုံး တယူဇနာအရပ်တိုင် အောင် ကွန့်မြူးပြန့်နှံ့တော်မူ၏။

၂၄။ ထိုနာရဒ မြတ်စွာဘုရားသည် လောကဌ် အနှစ် ကိုးသောင်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူလျက် ဝေနေယျသတ္တဝါတို့ကို ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတော်မူ၏၊ ထိုနာရဒမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၂)

၂၅။ **ပဒုမုတ္တရ**မြတ်စွာဘုရားသည် ငါးဆဲ့ရှစ်တောင် အရပ် မြင့်တော်မူ၏၊ ထိုပဒုမုတ္တရမြတ်စွာဘုရား၏ ပကတိသော ရောင်ခြည်တော်တို့သည် တဆဲ့နှစ်ယူဇနာ အရပ်တိုင်အောင် ကွန့်မြူးပြန့်နှံ့တော်မူကုန်၏။

၂၆။ ဝေနေယျတို့အား အမြိုက်နိဗ္ဗာန်ကို ပေးတော်မူ၏၊ အနှစ် တသိန်းပတ်လုံးအသက်ကြာရှည် တည်နေတော်မူ၍ သတ္တဝါတို့ကို ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်စေတော်မူ၏၊ ထို ပဒုမုတ္တရ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ဘေးရန်အန္တရာယ် ကင်းငြိမ်းအောင် စောင့်ရှောက်တော်မူပါ ဘုရား။ (၁၃)

၂၇။ **သုမေဓ** မြတ်စွာဘုရားသည် ရဟန်းမြတ်ဖြစ်တော် မူ၏၊ ရှစ်ဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ အနှစ်ကိုးသောင်း အသက်ရှည်တော်မူ၏။

၂၈။ ထိုသုမေဓမြတ်စွာဘုရား၏ ပကတိသော ရောင် ခြည်တော်တို့သည် တယူဇနာ အရပ်တိုင်အောင် အခါခပ်သိမ်း

ကွန့်မြူးပြန့်နှံ့ တော်မူကုန်၏၊ ထို သုမေဓာမြတ်စွာ ဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း အထူးထူး အပြားပြားရှိသော ဘေးရန်အန္တရာယ်တို့မှ ကင်းငြိမ်းအောင် စောင့်ရှောက်တော်မူပါဘုရား။ (၁၄)

၂၉။ **သုဇာတ**မြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိတော်မူ၏၊ ကြီးမြတ်သော လုံ့လ ဝီရိယရှိတော်မူ၏၊ ကြီးစွာသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူ၏၊ အတောင် ငါးဆယ် အရပ်မြင့်တော်မူ၏။

၃၀။ ထိုသုဇာတမြတ်စွာဘုရား၏ အသက်တော်သည် အနှစ်ကိုးသောင်း ရှည်တော်မူ၏၊ သတ္တဝါတို့အား သနားခြင်းကရုဏာရှိတော်မူ၏၊ ထို သုဇာတမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၅)

၃၁။ **ပိယဒဿီ**မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ အနှစ် ကိုးသောင်းပတ်လုံး အသက်ကြာရှည်တည်နေတော်မူလျက် လူသုံးပါးတို့၏ မွန်မြတ်သော ခရီးလမ်းညွှန်ဖြစ်တော်မူ၏။

၃၂။ ခပ်သိမ်းသော ဘုရားဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၏၊ ခပ်သိမ်းသော လူတို့အား ချမ်းသာကို ပေးတော်မူ၏၊ ခပ်သိမ်းသောအပြစ်ကို ဖျက်ဆီး ပယ်ဖျောက်တော်မူ၏၊ ထို ပိယဒဿီမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အလုံးစုံသော ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၆)

၃၃။ **အတ္ထဒဿီ**မြတ်စွာဘုရားသည် လူသုံးပါးတို့ထက် ကြီးမြတ်တော်မူ၏၊ အတောင် ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ လောက၌ အနှစ် တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူ၏။

၃၄။ ထို အတ္တဒဿီမြတ်စွာဘုရား၏ ပကတိသော ရောင်ခြည်တော်တို့သည် နေ့ညဉ့်ပတ်လုံး အခါခပ်သိမ်း တယူဇနာ အရပ်တိုင်အောင် အမြဲမပြတ် ကွန့်မြူးပြန့်နှံ့တော်မူကုန်၏၊ ထိုအတ္တဒဿီမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇)

၃၅။ **ဓမ္မဒဿီ**မြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ နတ်, အသုရာ, လူနှင့်တကွ ဖြစ်သော လောကသုံးပါး၌ တန်ခိုးအာနုဘော်ဖြင့် အလွန်တင့်တယ်တော်မူ၏။

၃၆။ လောကသုံးပါး၌ များမြတ်သော အခြံအရံ အကျော်အစော ရှိတော်မူ၏၊ အနှစ်တသိန်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူလျက် ခပ်သိမ်းသော သတ္တဝါတို့ကို ဘေးရန်အန္တရာယ်မှ လွတ်ကင်းစေတော်မူ၏၊ ထို ဓမ္မဒဿီမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း စောင့်ရှောက်တော်မူပါဘုရား။ (၁၈)

၃၇။ **သိဒ္ဓတ္ထ**မြတ်စွာဘုရားသည် အတောင် ခြောက်ဆယ် အရပ်မြင့်တော်မူ၏၊ ဘုံသုံးပါး၌ စီးပွါးချမ်းသာကို ဖြစ်စေတော်မူ၏၊ အနှစ်တသိန်း အသက်ရှည်တော်မူ၏။

၃၈။ နတ်နှင့် တကွသော လူတို့ကို သံသရာဝဋ္ဋ်ဟူသော မဟာသမုဒ္ဒရာမှ ထုတ်ဆောင်ကယ်တင်တော်မူ၍ ငြိမ်းအေးစေတော်မူ၏ (နိဗ္ဗာန်သို့ ရောက်စေတော်မူ၏)၊ ထို သိဒ္ဓတ္ထမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၉)

၃၉။ **တိဿ**မြတ်စွာဘုရားသည် လူသုံးပါးတို့၏ မွန်မြတ်သော ခရီးလမ်းညွှန် ဖြစ်တော်မူ၏၊ နှိုင်းယှဉ်စရာ ဥပမာရှိတော်မမူ၊ ကိုယ်တော်နှင့်တူသူ ရှိတော်မမူ၊ တုဘက် ပြိုင်ဘက် ကင်းတော်မူ၏၊ မွန်မြတ်တော်မူ၏၊ အတောင်ခြောက်ဆယ် အရပ်မြင့်တော်မူ၏။

၄၀။ ထိုတိဿမြတ်စွာဘုရား၏ အသက်တော်သည် အနှစ် တသိန်း ရှည်တော်မူ၏၊ ထိုတိဿမြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ကြောင့် အကျွန်ုပ်တို့အား အနာရောဂါကင်းလွတ် ခြင်း, စီးပွါးချမ်းသာကြီးခြင်းသည် ဖြစ်ပါစေဘုရား။ (၂၀)

၄၁။ **ဖုဿ**မြတ်စွာဘုရားသည် လူသုံးပါးတို့၏ မွန်မြတ် သော ခရီးလမ်းညွှန် ဖြစ်တော်မူ၏၊ ငါးဆဲ့ရှစ်တောင် အရပ် မြင့်တော်မူ၏၊ ဝေနေယျသတ္တဝါဟူသော ကြာငုံကို သဗ္ဗာ လေးပါးကို သိမြင်စေသဖြင့်ပွင့်စေတော်မူ၏၊ နတ်နှင့်တကွသော လူတို့ကို ငြိမ်းအေးစေတော်မူ၏။

၄၂။ လောက၌ အနှစ်ကိုးသောင်းပတ်လုံး အသက်ကြာရှည် တည်နေတော်မူလျက် များစွာသော သတ္တဝါတို့ကို သံသရာ ဝဋ်ဆင်းရဲမှ ထုတ်ဆောင် ကယ်တင်တော်မူ၏၊ များမြတ်သော အခြံအရံ အကျော်အစောရှိတော်မူ၏၊ထိုဖုဿမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၂၁)

၄၃။ **ဝိပဿီ**မြတ်စွာဘုရားသည် လူသုံးပါးကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူ၏၊ အတောင်ရှစ်ဆယ် အရပ်မြင့်တော်မူ၏၊ ထိုဝိပဿီမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် အရပ် ထက်ဝန်းကျင်မှ ခုနစ်ယူဇနာတိုင်အောင် နေ့ညဉ့်မစဲ အမြဲမပြတ် ကွန့်မြူးထွက်ကြွတော်မူ၏။

၄၄။ ထိုဝိပဿီမြတ်စွာဘုရားသည် အနှစ်ရှစ်သောင်းအသက် ရှည်တော်မူ၏၊ နတ်, လူတို့ကို ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်စေတော်မူ၏၊ထိုဝိပဿီမြတ်စွာဘုရားသည် အကျွန်ုပ် တို့အား ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းကိုပြုတော်မူပါဘုရား။(၂၂)

၄၅။ **သိခီ**မြတ်စွာဘုရားသည် အတောင်ခုနစ်ဆယ် အရပ် မြင့်တော်မူ၏၊ ထိုသိခီမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် အရပ်ထက်ဝန်းကျင်မှ သုံးယူဇနာတိုင်အောင် ကွန့်မြူး ထွက်ကြွ တော်မူ၏။

၄၆။ အနှစ် ခုနစ်သောင်း အသက်ရှည်တော်မူ၏၊ တုဘက် ပြိုင်ဘက် ကင်းတော်မူ၏။ ထို သိခီမြတ်စွာဘုရားသည် အကျွန်ုပ် တို့အား ကြီးမြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား၊ အကျွန်ုပ်တို့သည် အခါခပ်သိမ်း စီးပွါးချမ်းသာခြင်းနှင့် ပြည့်စုံရပါလိုကုန်၏ဘုရား။ (၂၃)

၄၇။ **ဝေဿဘူ**မြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်း သော အဆင်းရှိတော်မူ၏၊အတောင်ခြောက်ဆယ်အရပ်မြင့်တော် မူ၏၊ အနှစ်ခြောက်သောင်း အသက်ရှည်တော်မူ၏။

၄၈။ ဗြဟ္မာ, နတ်,လူ, နဂါး, အသုရာ,ဂဠုန်တို့ အခါခပ်သိမ်း ပူဇော်သက္ကာရ ပြုအပ်၏၊ ထို ဝေဿဘူ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၂၄)

၄၉။ **ကကုသန်**မြတ်စွာဘုရားသည် အတောင် လေးဆယ် အရပ်မြင့်တော်မူ၏၊ ထိုကကုသန် မြတ်စွာဘုရား၏ ကိုယ်တော်မှ ဖြစ်သော ရောင်ခြည်တော်တို့သည် တဆဲ့နှစ်ယူဇနာ အရပ် တိုင်အောင် ပြိုးပြိုးပြက်ပြက် ကွန့်မြူးထွက်ကြတော်မူကုန်၏။

၅၀။ ထိုကကုသန်မြတ်စွာဘုရား၏ အသက်တော်သည်အနှစ် လေးသောင်းရှည်တော်မူ၏၊ အတုမရှိမြတ်တော်မူ၏၊ထိုကကုသန် မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း အသက် ရှည်ခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ခွန်အားကြီးခြင်းကို ပြုတော်မူပါဘုရား။ (၂၅)

၅၁။ **ကောဏာဂုံ**မြတ်စွာဘုရားသည် အတောင်သုံးဆယ် အရပ်မြင့်တော်မူ၏၊ ထိုကောဏာဂုံမြတ်စွာဘုရား၏ အသက် တော်သည် အနှစ်သုံးသောင်း ရှည်တော်မူ၏။

၅၂။ နတ်ပြည်, ဗြဟ္မာပြည်၌ နတ်, ဗြဟ္မာအပေါင်းကိုရင်း လူ့ပြည် မြေအပြင်၌ လူအပေါင်းကိုရင်း တရားတော်ဟူသော

အမြိုက်သုဓာဖြင့် နှစ်သိမ့် ရောင့်ရဲတော်မူစေ၏၊ ထိုကောဏာဂုံ မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၂၆)

၅၃။ **ကဿပ**မြတ်စွာဘုရားသည် တရားမင်းဖြစ်တော်မူ၏၊ ကိုယ်တော်ရောင်, ဉာဏ်တော်ရောင်ကို ပြုတော်မူ၏၊ အတောင် နှစ်ဆယ် အရပ်မြင့်တော်မူ၏၊ အနှစ် နှစ်သောင်း အသက် ရှည်တော်မူ၏။

၅၄။ နှိုင်းယှဉ်စရာ ဥပမာ ရှိတော်မမူ၊ တူသူ မရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူ၏၊ နတ်,ဗြဟ္မာတို့ဆရာဖြစ်တော် မူ၏၊ အဘုမရှိ မြတ်တော်မူ၏၊ ထိုကဿပမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း မွန်မြတ်သော ငြိမ်သက်ချမ်းသာ ခြင်း, အနာရောဂါကင်းခြင်း, ရန်အပေါင်း အောင်မြင်ခြင်းကို ပြုတော်မူပါဘုရား။ (၂၇)

၅၅။ **ဂေါတမ**မြတ်စွာဘုရားသည် သာကီဝင်မင်းတို့၏ နှစ်သက် မြတ်နိုးခြင်းကို ပွါးတိုးစေတော်မူ၏၊ တဆဲ့ရှစ်တောင် အရပ်မြင့်တော်မူ၏၊ ခပ်သိမ်းသော တရားတို့ကို သိမြင်တော်မူ၏၊ သူခပ်သိမ်းတို့ မှန်ကူသဖွယ် ဖြစ်တော်မူ၏၊ သူခပ်သိမ်းတို့အား ချမ်းသာကို ပေးတော်မူ၏။

၅၆။ ခပ်သိမ်းသော တရားတို့ကို ကိုယ်တော်တိုင် သိမြင်တော် မူ၏၊ ဘုန်းတော်ခြောက်ပါးနှင့် ယှဉ်တော်မူ၏၊ ဒါန, သီလ စသည်တို့၏ အထွဋ်အထိပ်သို့ ရောက်သော ပါရမီရှိတော်မူ၏၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆဲ့ငါးပါးနှင့် ပြည့်စုံတော် မူ၏၊ ထို ဂေါတမမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား စီးပွါး ချမ်းသာခြင်း, အနာရောဂါ ကင်းခြင်းကို ပေးတော်မူပါ ဘုရား။ (၂၈)

## ရတနာသုံးပါး

### ဘုရား

၅၇။ ပရိနိဗ္ဗာန် စံဝင်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် ကုဋေအရာမက များတော်မူကုန်၏၊ ခန္ဓာစသော ခပ်သိမ်းသော လောကကို ထူးသောဉာဏ်ဖြင့် သိမြင်တော်မူကုန်လျက် ခပ်သိမ်းသော သတ္တဝါတို့ကို အစဉ် သနားတော်မူကုန်၏။

၅၈။ ခပ်သိမ်းသော ဘေးအန္တရာယ်တို့ကို လွန်မြောက်တော်မူကုန်၏၊ ခပ်သိမ်းသောလူ, နတ်, ဗြဟ္မာသတ္တဝါတို့အား စီးပွါးချမ်းသာကို ပေးတော်မူကုန်၏၊ ခပ်သိမ်းသော အပြစ်ဒေါသကို ဖျက်ဆီးတော်မူကုန်၏၊ ထိုပရိနိဗ္ဗာန် စံဝင်တော်မူကုန်ပြီးသော မြတ်စွာဘုရားတို့သည် အကျွန်ုပ်တို့အား ခပ်သိမ်းသော စီးပွါးချမ်းသာကို ပြုတော်မူပါကုန်ဘုရား။

၅၉။ **မေတ္တေယျ**မြတ်စွာဘုရားသည် နောင်အခါ၌ သစ္စာလေးပါးကို ကိုယ်တော်တိုင် သိသဖြင့် ပွင့်တော်မူလတ္တံ့၊ နတ်, ဗြဟ္မာတို့ ပူဇော်သက္ကာရပြုတော်မူအပ်၏၊ ကြီးမြတ်သော တန်ခိုးအာနုဘော် ရှိတော်မူ၏၊ သမ္မုတိနတ်, ဥပပတ္တိနတ်တို့ထက် မြတ်သော ဝိသုဒ္ဓိနတ်ဖြစ်တော်မူ၏၊ ထိုပွင့်တော်မူလတ္တံ့သော မေတ္တေယျမြတ်စွာဘုရားသည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

### အရှင်ပစ္စေကဗုဒ္ဓါများ

၆၀။ ခပ်သိမ်းသော **ပစ္စေကဗုဒ္ဓါ**အရှင်မြတ်တို့သည် နိရောဓသမာပတ်ကို ဝင်စားခြင်း, ဈာန်သမာပတ်ကို ဝင်စားခြင်း၌ လိမ္မာတော်မူကုန်၏၊ တပ်နှစ်သက်ခြင်း တဏှာ ကင်းတော်မူကုန်၏၊ ရွှံရှာ၊ ထိတ်လန့်ခြင်း ကင်းတော်မူကုန်၏၊ မနိုင်းယှဉ်

အပ်သော ဂုဏ်ကျေးဇူး ရှိတော်မူကုန်၏၊ မွန်မြတ်သော သီလက္ခန် သမာဓိက္ခန် ပညာက္ခန်ကို ရှာမှီးတော်မူကုန်၏။

၆၁။ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် မျက်မှောက်ဘဝ၌ ကောင်းကျိုး ချမ်းသာ ဖြစ်ထွန်းနိုင်သူတို့ကို မြင်တော်မူလျှင် အဝေး၌ တည်ရှိသော်လည်း မျက်မှောက်ဘဝ၌ ကောင်းကျိုး ချမ်းသာကို ဖြစ်ထွန်းနိုင်စေရန် ထိုသူတို့ထံသို့ ကြွတော်မူကြကုန်၏၊ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါကုန်ဘုရား။

## တရား

၆၂။ ပရိယတ်နှင့်တကွ ဆယ်ပါးသော **တရားတော်မြတ်**သည် အစ, အလယ်, အဆုံး သုံးပါးတို့၌ ကောင်းခြင်း ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူ၏၊ မြတ်စွာဘုရားတို့ ကျက်စားရာ ဇာရုံဖြစ်တော်မူ၏၊ လူတို့ကို သံသရာဝဋ်ဟူသော မဟာသမုဒ္ဒရာမှ ထုတ်ဆောင် ကယ်တင်တော်မူ၏။

၆၃။ ရှုပ်ထွေးသော ကိလေသာ ကွန်ယက်ကို ဖျက်ဆီးဖြေရှင်း ဘော်မူ၏၊ ကိလေသာမှ အထူးသဖြင့် စင်ကြယ်တော်မူ၏၊ မြတ်စွာဘုရားတို့ အမြဲမပြတ် မှီဝဲတော်မူအပ်၏၊ နိဗ္ဗာန်သို့ ရောက်စေတော်မူ၏၊ ငြိမ်သက်တော်မူ၏၊ ထိုဆယ်ပါးသော တရားတော်မြတ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။

## သံဃာ

၆၄။ **အရိယာသံဃာတော်မြတ်**သည် သီလ အစ ရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူ၏၊ မဂ်လေးတန်, ဖိုလ်လေးတန်၌ တည်တော်မူ၏၊ ဠခြေကို အောင်မြင်တော်မူ၏၊ မကောင်းမှုကို အောင်မြင်တော်မူ၏၊ မြတ်သောအလှူကို ခံတော်မူထိုက်၏၊ အတု မရှိ မြတ်တော်မူ၏။

၆၅။ အာသဝေါလေးပါး ရှိတော်မမူ၊ ထက်ဝန်းကျင်မှ စင်ကြယ်တော်မူ၏၊ ဘဝကြီး ငယ်၌ ဇာပ်နှစ်သက်ခြင်း တဏှာကင်း တော်မူ၏၊ နိဗ္ဗာန်ကို အာရုံပြုတော်မူ၏၊ ကိလေသာမီး ငြိမ်းအေး တော်မူ၏၊ ထိုအရိယာသံဃာတော်မြတ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။

## ရဟန္တာယောကျ်ားများ

၆၆။ **အညာတကောဏ္ဍည**မထေရ်သည် ရှေးဦးစွာ သစ္စာ လေးပါးကို သိခြင်းကြောင့် ညဥ့်အပိုင်းအခြားကို သိကုန်သော သူတို့တွင် မြတ်တော်မူ၏၊ ဓမ္မစကြာဒေသနာ၌ သစ္စာလေးပါးကို သိတော်မူ၏၊ ထိုအညာတကောဏ္ဍညမထေရ်သည် အကျွန်ုပ် တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော် မူပါဘုရား။ (၁)

၆၇။ **ဝပ္ပ**မထေရ်သည် ကြီးမြတ်သော ဉာဏ်ပညာရှိတော် မူ၏၊ သည်းစွာသောမောဟကို ပယ်ဖျောက်တော်မူတတ်၏၊ လောက၌ မြတ်သောငြိမ်းအေးခြင်းကို ပြုတော်မူတတ်၏၊ ထို အရှင်ဝပ္ပမထေရ်သည် အကျွန်ုပ်တို့အား မြတ်သော ငြိမ်းအေး ခြင်းကို ပြုတော်မူပါဘုရား။ (၂)

၆၈။ **ဘဒ္ဒိယ**မထေရ်သည် ကောင်းသော သီလရှိတော်မူ၏၊ မြတ်သောအလှူကို ခံတော်မူထိုက်၏၊ အတုမရှိ မြတ်တော်မူ၏၊ လောက၏ အကျိုးစီးပွါးကို ကျင့်တော်မူတတ်၏၊ ထိုအရှင်ဘဒ္ဒိယ မထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၃)

၆၉။ **မဟာနာမ်**မထေရ်သည် ကြီးမြတ်သော ပညာရှိတော် မူ၏၊ မြတ်သောတရားကို သိသောသူဟူ၍ ကျော်စောထင်ရှား တော်မူ၏၊ ရဟန္တာမြတ်ကြီး ဖြစ်တော်မူ၏၊ ထိုအရှင်မဟာနာမ် မထေရ်သည် အကျွန်ုပ်တို့အား မြတ်သော ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၄)

၇၀။ **အသဿဇိ**မထေရ်သည် ကြီးမြတ်သော ပညာရှိတော်မူ၏၊ အောင်အပ်ပြီးသော မာန်ရှိတော်မူ၏၊ အောင်အပ်ပြီးသော ဇာဒြေ ရှိတော်မူ၏၊ လောကဥ္စ အောင်အပ်ပြီးသော ဆန့်ကျင်ဘက် ရန်သူရှိတော်မူ၏၊ ထိုအရှင်အဿဇိမထေရ်သည် အကျွန်ုပ် တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော် မူပါဘုရား။ (၅)

၇၁။ **ယသ**မထေရ်သည် ဒါနကထာစသော အစဉ်အတိုင်း သော တရားစကားကို ကြားနာရ၍ တည်ကြည်သော နှလုံး ရှိတော်မူ၏၊ မြတ်သော အရဟတ္တဖိုလ်တရားသို့ ရောက်တော်မူ၏၊ ထိုအရှင်ယသမထေရ်သည် အကျွန်ုပ်တို့အား ချမ်းသာခြင်း, အနာကင်းခြင်းကို ပေးတော်မူပါဘုရား။ (၆)

၇၂။ မြတ်သောနိဗ္ဗာန်သို့ ရောက်ကုန်သောကြောင့် မထေရ် ဖြစ်ကြကုန်သော လူ့လက်ထက်က ယသမထေရ်၏ အဆွေဖြစ်ကြ ကုန်သော **ငါးကျိပ်လေးပါးကုန်သော ရဟန္တာ**တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါကုန်ဘုရား။ (၇-၆၀)

၇၃။ အကြင် သုံးကျိပ်အစုရှိကုန်သော **ဘဒ္ဒဝဂ္ဂီ**မထေရ်တို့ သည် ကောင်းသော အဆင်းသဏ္ဌာန်, ကောင်းသောသဘော အားဖြင့် အတုမရှိသော အဆင်း, သဏ္ဌာန်ဂုဏ်ရှိကုန်၏၊ အာသဝေါ ကုန်ခန်းတော်မူကုန်၏၊ ဈာန်သမာပတ်၌ လေ့လာ ခြင်းသို့ ရောက်တော်မူကုန်၏၊ ထိုဘဒ္ဒဝဂ္ဂီမထေရ်တို့သည် အကျွန်ုပ် တို့အား အနာကင်းခြင်းကို ပြုတော်မူပါကုန်ဘုရား။ (၆၁-၉၀)

၇၄။ **ဥရုဝေလကဿပ**မထေရ်သည် များစွာသော ပရိသတ် ရှိသော သူတို့တွင် မြတ်၏ဟူ၍ ဧတဒဂ်အရာ၌ တင်ထားအပ်၏၊ ထိုဥရုဝေလကဿပမထေရ်သည်လည်း အကျွန်ုပ်တို့အား အခါ ခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၉၁)

၇၅။ အကြင် **နဒိကဿပ**မထေရ်သည် မြတ်သောကောင်းမှု ခေတ်ဖြစ်တော်မူ၏၊ တပည့်သံဃာ သုံးရာနှင့်တကွ လောကီ လောကုတ္တရာသီလနှင့် ပြည့်စုံတော်မူ၏၊ ထို နဒိကဿပမထေရ် သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။ (၉၂)

၇၆။ **ဂယာကဿပ**မထေရ်သည် ပညာရောင်ဖြင့် တောက်ပ တော်မူ၏၊ ငြိမ်းအေးတော်မူ၏၊ ဘဝတဏှာကင်းရာ နိဗ္ဗာန်၌ ယှဉ်တော်မူ၏၊ ထို ဂယာကဿပမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၉၃)

၇၇။ မြတ်စွာဘုရားကိုထား၍ ပညာဉာဏ်ရှိသော သူတို့၏ ပညာဉာဏ်သည် အရှင်သာရိပုတ္တရာ၏ ပညာဉာဏ်ကို တဆဲ့ ခြောက်စိတ်သောအဘို့၌ တဆဲ့ခြောက်စိတ် တစိတ်ရှိသော အဘို့ အစုကို (နှစ်ရာ့ငါးဆဲ့ခြောက်စိတ် စိတ်၍ တစိတ်သော အဘို့ အစုကို) မမှီနိုင်ပါ။

၇၀။ ထို**အရှင်သာရိပုတ္တရာ**မထေရ်သည် တဆဲ့ခြောက်ထွေ ဝေဘန်သဖြင့် ကြီးမြတ်သော ပညာရှိတော်မူ၏၊ လက်ျာတော်ရံ ပဋ္ဌမအဂ္ဂသာဝကကြီး ဖြစ်တော်မူ၏၊ တရားစစ်သူကြီး ဖြစ်တော် မူ၏၊ ပညာဉာဏ်ရှိကုန်သော သူတို့ထက် မြတ်၏ဟု ချီးမွမ်းအပ် ၏ (ပညာဉာဏ်ကြီးသောအရာ၌ ဧတဒဂ် ရတော်မူ၏)၊ ထို အရှင်သာရိပုတ္တရာမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၉၄)

၇၉။ **အရှင်မောဂ္ဂလ္လာန်** မထေရ်သည် ခြေချောင်းငယ်မျှဖြင့် သိကြားမင်းဗိမာန် ဝေဇယန္တာပြာသာဒ်ကို သွက်သွက်ခါအောင် တုန်လှုပ်စေတော်မူနိုင်၏၊ ကြီးကျယ် ထူးကဲသော မြေပြင်အလုံးကို ထက်အောက်ပြောင်းပြန် မှောက်လှန်ခြင်းငှါ စွမ်းဆောင်တော် မူနိုင်၏။

၁၀။ လက်ဝဲတော်ရံ ဒုတိယအဂ္ဂသာဝကကြီး ဖြစ်တော်မူ၏၊ တန်ခိုးအာနုဘော်ကြီးကုန်သော သူတို့တွင် မြတ်တော်မူ၏ (တန်ခိုးအာနုဘော်ကြီးသောအရာ၌ **ဧတဒဂ်** ရတော်မူ၏)၊ ထို အရှင်မောဂ္ဂလ္လာန်မထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၉၅)

၁၁။ **အရှင်မဟာကဿပ** မထေရ်သည် ဦးသစ်ပြီးသော ရွှေစင်နှင့် တူတော်မူ၏၊ ဓုတင်၏ ဂုဏ်ကျေးဇူး၌ အမြတ်ထား တော်မူ၏ (ဓုတင်ကို ကျင့်ဆောင်ဟောပြောရာ၌ **ဧတဒဂ်** ရတော် မူ၏)၊ မြတ်စွာဘုရား၏ တတိယသာဝကကြီး ဖြစ်တော်မူ၏။

၁၂။ တောကျောင်းနေခြင်း၌ အလွန်မွေ့လျော်တော်မူ၏၊ ရဟန်းပြုသည်မှစ၍ ပံသုကူသင်္ကန်းကို ဆောင်တော်မူ၏၊ အတွင်း, အပ လောကနှစ်ပါးကို သိတော်မူ၏၊ ပဌမသံဂါယနာတင်ကာ မြတ်စွာဘုရား သာသနာတော်ကို အရှည်တည်မြဲအောင် ဆောင် ရွက်တော်မူ၏၊ ထိုအရှင်မဟာကဿပမထေရ်သည် အကျွန်ုပ် တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော် မူပါဘုရား။ (၉၆)

၁၃။ **အရှင်ဥပါလိ**မထေရ်သည် အာပတ်သင့်ခြင်း,မသင့်ခြင်း ၌ လိမ္မာတော်မူ၏၊ဒေသနာဂါမိ, ဝုဋ္ဌာနဂါမိဖြင့် ကုစားကောင်း သော အာပတ် မကုစားကောင်းသော အာပတ်၌ လိမ္မာတော် မူ၏၊ ဝိနည်းအရာ၌ မြတ်၏ဟု **ဧတဒဂ်** ထားတော်မူ၏ (ဝိနည်း ကိုဆောင်ရာ၌ **ဧတဒဂ်** ရတော်မူ၏)၊ မြတ်စွာဘုရား ချီးမွမ်းတော် မူအပ်၏။

၁၄။ ဝိနည်းအရာ၌ အပြီးအဆုံးသို့ ရောက်တော်မူ၏၊ ဝိနည်းတရား၌သာ ကျက်စားရာ အာရုံရှိတော်မူ၏၊ ကိုယ်, နှုတ်, နှလုံးကို စောင့်သုံး ထိန်းသိမ်းတော်မူ၏၊ ထိုအရှင်ဥပါလိ မထေရ်သည် အကျွန်ုပ်တို့အား ကြီးမြတ်သော ငြိမ်သက်ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား၊ အကျွန်ုပ်တို့အား စီးပွါးချမ်းသာခြင်း, အနာရောဂါကင်းခြင်းကို ပေးတော်မူပါဘုရား။ (၉၇)

၇၅။ **အရှင်အနုရုဒ္ဓါ**မထေရ်သည် နတ်မျက်စိရှိကုန်သော သူတို့တွင်(ဒိဗ္ဗစက္ခု အဘိညာဉ်ရသော သူတို့တွင်) မြတ်တော်မူ၏ (နတ်မျက်စိကဲ့သို့ မြင်သော ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ ဧတဒဂ် ရတော်မူ၏)၊ မြတ်စွာဘုရား၏ ဆွေမျိုးမြတ် ဖြစ်တော်မူ၏၊ ထို အရှင်အနုရုဒ္ဓါမထေရ်သည် အကျွန်ုပ်တို့အား စီးပွါးချမ်းသာခြင်း, အနာရောဂါကင်းခြင်းကို ပေးတော်မူပါဘုရား။ (၉၈)

၇၆။ ကာလိဂေါဓာမိဖုရား၏သားဖြစ်တော်မူသော **ဘဒ္ဒိယ** မထေရ်သည် အမျိုးမြတ်ကုန်သော သူတို့တွင် မြတ်တော်မူ၏၊ လွန်စွာ တည်ကြည်တော်မူ၏၊ ထိုဘဒ္ဒိယမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၉၉)

၇၇။ **အရှင်အာနန္ဒာ**မထေရ်သည် မြတ်စွာဘုရား၏ အလုပ်အကျွေး ဖြစ်တော်မူ၏၊ (အကြားအမြင်များသောအရာ, သတိရှိသောအရာ, ပညာဉာဏ်ရှိသောအရာ, လုံ့လဝီရိယရှိသောအရာ, ဘုရားကို လုပ်ကျွေးသောအရာ ငါးဌာန၌ ဧတဒဂ် ရတော်မူ၏၊) ပဋ္ဌမသံဂါယနာတင်ခြင်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်သူ ဟု သမုတ်တော်မူအပ်၏၊ အကြားအမြင် များတော်မူ၏၊ တရားတော်တို့ကို ဆောင်ရွက်ထားတော်မူနိုင်၏၊ ထို အရှင်အာနန္ဒာ မထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၀)

၇၈။ **အရှင်ကိမိလ**မထေရ်သည် ဘုန်းပညာနှင့် ပြည့်စုံတော်မူ၏၊အိုးမှတပါး စားဘွယ်ဖြစ်ရာမသိပါ၍ ကြီးစွာသော ချမ်းသာနှင့်ပြည့်စုံတော်မူ၏၊ ရဟန္တာမြတ် ဖြစ်တော်မူ၏၊ထို အရှင်ကိမိလ မထေရ်သည် အကျွန်ုပ်တို့အား မြတ်သော ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၀၁)

၇၉။ **အရှင်ဘဂု**မထေရ်သည် မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုတော်မူ၏၊ ကျောက်ထီးတန္တု အလေးပြု၍ နေခြင်းဖြင့် နေတော်မူ၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏၊ ထို အရှင်ဘဂု

မထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၂)

၉၀။ **အရှင်ကာဠုဒါယီ**မထေရ်သည် သာကီဝင် မင်းမျိုး၏ ကြည်ညိုခြင်းကို ဖြစ်စေတော်မူ၏၊ ကုလပ္ပသာဒကတေဒဂ်အရာ၌ တည်တော်မူ၏၊ ကြီးသော ဟန်ခိုးရှိတော်မူ၏၊ ထို အရှင်ကာဠုဒါယီမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၃)

၉၁။ မန္တာနီပုဏ္ဏေးမ၏ သားဖြစ်သော **အရှင်ပုဏ္ဏ**မထေရ်သည် ကထာဝတ္ထုဆယ်ပါးဖြင့် တရားဟောတော်မူတတ်ကုန်သောသူတို့တွင် ဧတဒဂ်ဟု ချီးမွမ်းတော်မူအပ်၏၊ ဗေဒင် သုံးပုံတို့၏ တဘက်ကမ်းသို့ ရောက်တော်မူ၏၊ ထို အရှင်ပုဏ္ဏမထေရ်သည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၄)

၉၂။ **အရှင်ဘာရဒွါဇ**မဟာထေရ်သည် မင်္ဂလိအရာ ရဲဝံ့စွာ ကြုံးဝါးတတ်ကုန်သော သူတို့တွင် မြတ်တော်မူ၏၊ သီဟနာဒအရာ၌ ဧတဒဂ် တင်ထားတော်မူအပ်၏၊ ထို အရှင်ဘာရဒွါဇမဟာထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၅)

၉၃။ **အရှင်ကစ္စည်း**မထေရ်သည် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ပါဠိတော်၏ အနက်ကို အကျယ်အားဖြင့် သိတတ်, သိစေတော်မူတတ်၏၊ ဘဝတဏှာ ကင်းတော်မူ၏၊ ထိုအရှင်ကစ္စည်းမထေရ်သည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၆)

၉၄။ **အရှင်လကုဏ္ဍကဘဒ္ဒိယ**မထေရ်သည် သာယာသောအသံ ရှိကုန်သော သူတို့တွင် မြတ်တော်မူ၏၊ မဉ္ဇုဿရအရာ၌ ဧတဒဂ် ထားတော်မူအပ်၏၊ ထို အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်သည်

အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၇)

၉၅။ **အရှင်သုဘူတိ**မထေရ်သည် ကိလေသာကင်း၍ နေလေ့ရှိကုန်သောသူတို့တွင် တေဒဂ်ဖြစ်၍ မြတ်တော်မူ၏၊ အိမ်တိုင်းအိမ်တိုင်း မေတ္တာဈာန်မှထ၍ ဆွမ်းခံသဖြင့် အနုတ္တရဒက္ခိဏေယျတေဒဂ်ဖြစ်တော်မူ၏၊ ဘုရားဟောတိုင်း သတ္တဝါတို့အား တရားဟောသဖြင့် ဆုံးမတော်မူတတ်၏၊ ထိုအရှင်သုဘူတိမထေရ်သည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၈)

၉၆။ **အရှင်ခဒိရဝနိယရေဝတ**မထေရ်သည် တောကျောင်းနေရဟန်းတို့တွင်(အာရညကင်ဓုတင် ဆောက်တည်သော ရဟန်းတို့တွင်) မြတ်တော်မူ၏ (အာရညကင်ဓုတင်ဆောင်သောအရာ၌ တေဒဂ်ရတော်မူ၏)၊ ရှားတော၌ သီတင်းသုံးတော်မူ၏၊ ကာယ, စိတ္တ, ဥပဓိဝိဝေကဌ မွေ့လျော်တော်မူ၏၊ ထိုအရှင်ခဒိရဝနိယရေဝတမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၉)

၉၇။ **အရှင်ကင်္ခါရေဝတ**မထေရ်သည် ဈာန်ဝင်စားလေ့ရှိကုန်သောသူတို့တွင် မြတ်တော်မူ၏၊ သမာဓိဈာန်၌ လိမ္မာတော်မူ၏၊ ထိုအရှင်ကင်္ခါရေဝတမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါအရှင်ဘုရား။ (၁၁၀)

၉၈။ **အရှင်သောဏကောဠိဝိသ**မထေရ်သည် အားထုတ်အပ်သော ဝီရိယရှိကုန်သောသူတို့တွင် မြတ်တော်မူ၏၊ အခါခပ်သိမ်း နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိတော်မူ၏၊ ထိုအရှင်သောဏကောဠိဝိသမထေရ်သည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခိုင်မြဲ ကြီးပွါးခြင်းကို ပြုတော်မူပါဘုရား။ (၁၁၁)

၉၉။ **အရှင်သောဏကုဋိကဏ္ဏ**မထေရ်သည် ကောင်းသောစကားကို ဆိုတော်မူတတ်ကုန်သောသူတို့တွင် မြတ်၏ဟု ချီးမွမ်း

တော်မူအပ်၏၊ ထိုအရှင်သောဏကုဋိကဏ္ဏမထေရ်သည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခိုင်ဖြိုး ကြီးပွါးခြင်းကို ပြုတော်မူပါဘုရား။ (၁၁၂)

၁၀၀။ **အရှင်သီဝလိ**ဟု ကျော်စော ထင်ရှားတော်မူသော မထေရ်သည် လာဘ်များ ကုန်သောသူတို့တွင် မြတ်တော်မူ၏၊ ပစ္စည်းလေးပါးကို ခံယူခြင်း၌ လွန်စွာ မက်မောခြင်းမှ ကြဉ်တော်မူ၏၊ ထို အရှင်သီဝလိမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၁၃)

၁၀၁။ **အရှင်ဝက္ကလိ**မထေရ်သည် ဘုရားဂုဏ်ကို ယုံကြည်စွာ နှလုံးသွင်း များကုန်သောသူတို့တွင် မြတ်တော်မူ၏၊ နှစ်သက်ခြင်း များတော်မူ၏၊ ထို အရှင်ဝက္ကလိမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၁၄)

၁၀၂။ **အရှင်ရာဟုလာ**မထေရ်သည် မြတ်စွာဘုရား၏ သားတော်ရင်းဖြစ်တော်မူ၏ (ရင်သွေးတော်ရင်း ဖြစ်တော်မူ၏)၊ သိက္ခာသုံးပါးကို လိုလားသောရဟန်းတို့တွင် မြတ်တော်မူ၏ (သိက္ခာသုံးပါးကို လိုလားရာ၌ ဧတဒဂ် ရတော်မူ၏)၊ ခပ်သိမ်းသောတရားတို့၌ အမွေခံဖြစ်တော်မူ၏၊ ထိုအရှင်ရာဟုလာ မထေရ်သည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၁၅)

၁၀၃။ **အရှင်ရဋ္ဌပါလ**မထေရ်သည် သဒ္ဓါ၍ ရဟန်းပြုသောကြောင့် သဒ္ဓါပဗ္ဗဇိတဧတဒဂ်အရာ၌ တည်တော်မူ၏၊ ကြီးသောလု့လရှိတော်မူ၏၊ ထိုအရှင်ရဋ္ဌပါလမထေရ်သည် အခါခပ်သိမ်း အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၁၆)

၁၀၄။ **အရှင်ကုဏ္ဍဓာန**မဟာထေရ်သည် အရိယာတို့အား ချထားသော စာရေးတံကို ရှေးဦးစွာ လှမ်းယူတော်မူ၏၊ ရှေးဦး

ဗွာ စာရေးတံယူသောအရာ၌ ဧတဒဂ်ထားတော်မူအပ်၏၊ ထို အရှင်ကုဏ္ဍဓာနမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၁၇)

၁၀၅။ **အရှင်ဝင်္ဂီသ**ရဟန္တာသည် လေးပါးသော ကဗိတို့ ၌ ရှေ့ရှုထင်တိုင်း အလိုင်းတကြီး ချီးမွမ်းနိုင်သော ပဋိဘာန ကဗိရှိကုန်သောသူတို့တွင်လည်း မြတ်၏ဟု ဘုရား ချီးမွမ်းတော် မူအပ်၏၊ ထို အရှင်ဝင်္ဂီသရဟန္တာမြတ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၁၁၈)

၁၀၆။ ဝင်္ဂန္တပုဏ္ဏား၏ သားဖြစ်သော **အရှင်ဥပသေန** မထေရ်သည် ထက်ဝန်းရံပတ် ပရိသတ်နှင့်တကွ ကြည်ညိုဘွယ် ရှိကုန်သောသူတို့တွင် မြတ်သောအရာ၌ တင်ထားတော်မူအပ်၏၊ ထိုအရှင်ဥပသေနမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၁၉)

၁၀၇။ မလ္လမင်း၏ သားဖြစ်တော်မူသော **အရှင်ဒဗ္ဗ**မထေရ် သည် ရဟန်းတို့၏ အိပ်ရာနေရာကို ခင်းထားတတ်သော သူဟူ၍ ဧတဒဂ်အရာ၌ တင်ထားတော်မူအပ်၏၊ ထိုအရှင်ဒဗ္ဗမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၂၀)

၁၀၈။ **အရှင်ပိလိန္ဒဝစ္ဆ**ရဟန်းသည် နတ်တို့ချစ်အပ်၏၊ နတ် ချစ်သောသူတို့တွင် ဧတဒဂ်အရာ၌ တင်ထားအပ်၏၊ ထိုပိလိန္ဒဝစ္ဆ မထေရ်သည် အကျွန်ုပ်တို့အား စီးပွါးချမ်းသာခြင်း, အနာကင်း ခြင်းကို ပေးတော်မူပါဘုရား။ (၁၂၁)

၁၀၉။ ဗာဟိယ တိုင်းသား **အရှင်ဒါရုစီရိယ**မထေရ်သည် လျင်မြန်သော အဘိညာဉ်ရှိကုန်သောသူတို့တွင် မြတ်တော်မူ၏၊ ထိုအရှင်ဒါရုစီရိယမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း

မြတ်သောငြိမ်သက်ခြင်းကိုလည်းကောင်း အနာကင်းခြင်းကိုလည်းကောင်း ရန်အေး ခြင်းကိုလည်းကောင်း ပြုတော်မူပါဘုရား။ (၁၂၂)

၁၁၀။ **အရှင်ကုမာရကဿပ** မထေရ်သည် ဆန်းကြယ်စွာ ဘုရားဟောလေ့ ရှိကုန်သောသူတို့တွင် မြတ်တော်မူ၏၊ ကာမ, ဗျာပါဒ,ဝိဟိံသာဟူသော မိစ္ဆာဝိတက်ကို ဖြတ်တော်မူ၏၊ ထို အရှင်ကုမာရကဿပမထေရ်သည်အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၂၃)

၁၁၁။ **အရှင် ကောဏ္ဍညတ** ရဟန္တာမြတ်သည် ပဋိသမ္ဘိဒါ လေးပါးသို့ ရောက်ကုန်သောသူတို့တွင် ဧတဒဂ်အရာ၌ ထားတော် မူအပ်၏၊ ထိုအရှင်ကောဏ္ဍညတ ရဟန္တာမြတ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါ ဘုရား။ (၁၂၄)

၁၁၂။ **အရှင်ဗာကုလ** မဟာထေရ်သည် နွားနို့တညှစ် လက်တဖျစ်မျှ အနာရှိတော်မမူ၊ အနာကင်းသောသူတို့တွင် မြတ်တော်မူ၏၊ ရဟန္တာဖြစ်တော်မူ၏၊ ထိုအရှင်ဗာကုလမဟာ ထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၂၅)

၁၁၃။ **အရှင်သောဘိတ**မထေရ်သည် ရှေး၌ နေဘူးသော ခန္ဓာအမျိုးအမည်စသည်ကို သိလေ့ရှိကုန်သောသူတို့တွင် မြတ်သောသူဟူ၍ဘုရားချီးမွမ်းတော်မူအပ်၏၊ထိုအရှင်သောဘိတ မထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၂၆)

၁၁၄။ **အရှင်မဟာကပ္ပိန**မထေရ်သည် ရဟန်းတို့ကို ဆုံးမ တော်မူတတ်၏၊ အဆုံးအမ ပေးခြင်း၌ လိမ္မာတော်မူ၏၊ ထို အရှင်မဟာကပ္ပိနမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၂၇)

၁၁၅။ **အရှင်နန္ဒကဟု** ကျော်စော ထင်ရှားတော်မူသော မထေရ်သည် ဘိက္ခုနီမတို့အား ဆုံးမတတ်သော သူတို့တွင် မြတ်တော်မူ၏၊ ထိုအရှင်နန္ဒကမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း စောင့်ရှောက်တော်မူပါဘုရား၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခိုင်မြဲ ကြီးပွါးခြင်းကို ပြုတော်မူပါဘုရား။ (၁၂၈)

၁၁၆။ **အရှင်နန္ဒ**မထေရ်သည် စက္ခုစသော ဣန္ဒြေတို့၌ လုံသောတံခါး ရှိတော်မူ၏၊ ဝသီဘော်သို့ ရောက်တော်မူ၏၊ ဣန္ဒြိယဂုတ္တတေဒဂ်အရာ၌ တည်တော်မူ၏၊ ထိုအရှင်နန္ဒမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၂၉)

၁၁၇။ **အရှင်သာဂတ**မထေရ်သည် တေဇောဓာတ်ကသိုဏ်း၌ လိမ္မာကုန်သောသူတို့တွင် ဧတဒဂ်အရာ၌ ထားတော်မူအပ်၏၊ ထိုအရှင်သာဂတမထေရ်သည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခိုင်မြဲ ကြီးပွါးခြင်းကို ပြုတော်မူပါဘုရား။ (၁၃၀)

၁၁၈။ **အရှင်မဟာပန်**မထေရ်သည် ဝိပဿနာပညာဖြင့် ဝဋ္ဋကင်းခြင်း၌ လိမ္မာတော်မူ၏၊ (တနည်း) အရူပဈာန်မှထ၍ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် သညာဝိဝဋ္ဋအရာ၌ ဧတဒဂ်ရတော်မူ၏၊ ကမ္မဋ္ဌာန်းကို အားထုတ်တော်မူ၏၊ သမထဘာဝနာ ဝိပဿနာဘာဝနာ၌ မွေ့လျော်တော်မူ၏၊ဘုရားတပည့်ဖြစ်တော်မူ၏၊ ထိုအရှင်မဟာပန်မထေရ်သည် အကျွန်ုပ်တို့အား မြတ်သော ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၃၁)

၁၁၉။ **အရှင်စူဠပန်**မထေရ်သည် အရည်အချင်း မတူလျှင်း အောင် တထောင်မျှလောက်သော ဈာန်စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းတော်မူနိုင်၏၊ ဧတဒဂ်အရာ၌ ထားတော်မူအပ်၏၊ ထိုအရှင်စူဠပန်မထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၃၂)

၁၂၀။ **အရှင်ရာဓ**မထေရ်သည် အသစ်အသစ်ဖြစ်သော ဓမ္မဒေသနာထင်ခြင်း၏ အကြောင်းဖြစ်ကုန်သော သူတို့တွင် ဧတဒဂ်အရာ၌ တင်ထားတော်မူအပ်၏၊ ထိုအရှင်ရာဓ မထေရ်သည် အကျွန်ုပ်တို့အား ကြီးမြတ်သော ချမ်းသာခြင်းကိုငှင်း အနာကင်းခြင်းကိုငှင်း ပြုတော်မူပါဘုရား။ (၁၃၃)

၁၂၁။ **အရှင်မောဃရာဇ** မဟာထေရ်သည် ဆိုးရွားရိုန္တမ်းရုန့်ကြမ်းသော သင်္ကန်းကို ဆောင်ကုန်သော ရဟန်းတို့တွင် မြတ်တော်မူ၏၊ ထိုအရှင်မောဃရာဇ မဟာထေရ်သည် အကျွန်ုပ်တို့အား ကြီးမြတ်သော ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၃၄)

၁၂၂။ **အရှင်ဝိမလ**မထေရ်သည် အညစ်အကြေးကင်းသော ပညာရှိတော်မူ၏၊ တင့်တယ်သော အဆင်းသဏ္ဌာန်ရှိတော်မူ၏၊ အလွန်တည်ကြည်သော သမာဓိရှိတော်မူ၏၊ ရုပ်နာမ်ခန္ဓာ၌ ပကတိသောမျှ ကိလေသာဟူသောမျှကို မလိမ်းကျံစေ၊ ထိုအရှင်ဝိမလမထေရ်သည် အကျွန်ုပ်တို့အား မြတ်သောငြိမ်းခြေင်းကို ပြုတော်မူပါဘုရား။ (၁၃၅)

၁၂၃။ **အရှင်ဓမ္မပါလ**မထေရ်သည် များမြတ်သောတရားကို စောင့်တော်မူ၏၊ များမြတ်သောတရားကို ဆောင်တော်မူ၏၊ လောက၌ မြတ်သော ရဟန္တာဖြစ်တော်မူ၏၊ ထိုအရှင်ဓမ္မပါလ ရဟန်းသည် အကျွန်ုပ်တို့အား မြတ်သောငြိမ်းခြေင်းကို ပြုတော်မူပါဘုရား။ (၁၃၆)

၁၂၄။ **အရှင်စက္ခုပါလ**မဟာထေရ်သည် ကမ္မဋ္ဌာန်းကို အားထုတ်တော်မူ၏၊ စောင့်အပ်သော လောကီသီလ လောကုတ္တရာသီလရှိတော်မူ၏၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိတော်မူ၏၊ မြတ်သော ဓမ္မကာယ ရူပကာယ ရှိတော်မူ၏၊ ထိုအရှင်စက္ခုပါလ မဟာထေရ်သည် အကျွန်ုပ်တို့အား မြတ်သောငြိမ်းခြေင်းကို ပြုတော်မူပါဘုရား။ (၁၃၇)

၁၂၅။ **အရှင်နာရဒ**မထေရ်သည် လောက၌ ဘေးရန်ခပ်သိမ်းကို လွန်တော်မူ၏၊ အာသဝေါကုန်ခန်းတော်မူ၏၊ မြတ်သော

ငြိမ်းခြင်းကို ပြုတော်မူ၏၊ ထိုအရှင်နာရဒမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၃၈)

၁၂၆။ **အရှင်သဒ္ဓမ္မသဝန**မထေရ်သည် ဘုရားကိုပူဇော်ခြင်း၌ အမြဲမွေ့လျော်တော်မူ၏၊ ဘုရားကိုဆည်းကပ်ခြင်းသာ လည်းလျောင်းရာ ရှိတော်မူ၏၊ ထိုအရှင်သဒ္ဓမ္မသဝနမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၃၉)

၁၂၇။ **အရှင်ဂေါတမ**မထေရ်သည် အဆုံးဘဝသို့ ရောက်တော်မူ၏၊ သမထဘာဝနာ ဝိပဿနာဘာဝနာတို့၌ မွေ့လျော်တော်မူ၏၊ ရာဂကုန်ရာ နိဗ္ဗာန်သို့ ရောက်တော်မူ၏၊ ထိုအရှင်ဂေါတမမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၄၀)

၁၂၈။ **အရှင်ဂေါဓိက**မထေရ်သည် ကျောင်းအိပ်ရာ နေရာတို့တွင် လျောက်ပတ်သည်ကိုရ၍ အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်ကို ကောင်းစွာအားထုတ်တော်မူ၏၊ ပရိနိဗ္ဗာန်စံဝင်သော အခါ မြတ်စွာဘုရားသည် ဖုတ်ကြည်း သဂြိုဟ်တော်မူအပ်၏၊ ထိုအရှင်ဂေါဓိကမထေရ်သည် အကျွန်ုပ်တို့အား အခါ ခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၄၁)

၁၂၉။ **အရှင်သုဗာဟု**မထေရ်သည် သိဒ္ဓတ်မြတ်စွာဘုရား၌ ကြည်ညိုသောစိတ် ရှိတော်မူ၏၊ ကိုးဆဲ့လေးကမ္ဘာ ထက်က လက်အုပ်ချီခြင်းကို ပြုဘူးသောကြောင့် ရဟန္တာဖြစ်တော်မူ၏၊ ဝသီဘော်သို့ ရောက်တော်မူ၏၊ ထိုအရှင်သုဗာဟုမထေရ်သည် အကျွန်ုပ်တို့အား မြတ်သော ငြိမ်းခြင်းကို ပြုတော်မူပါဘုရား။ (၁၄၂)

၁၃၀။ **အရှင်ဝလ္လိယ**မထေရ်သည် ဝိပဿနာ၌ လေ့လာတော်မူ၏၊ အလွန်တည်ကြည်သော သမာဓိရှိတော်မူ၏၊ သတိနှင့် ပြည့်စုံတော်မူ၏၊ ဈာန်ဝင်စားလေ့ရှိတော်မူ၏၊ **တော၌ နေလေ့**

ရှိတော်မူ၏၊ ထိုအရှင်ဝလ္လိယမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၄၃)

၁၃၁။ **အရှင်ဥတ္တိယ**မထေရ်သည် ဝိနည်းကိုဆောင်တော်မူ၏၊ လူနတ်တို့ကို လွှန်တော်မူ၏၊ အဆုံးစွန်သော ကိုယ်ကိုဆောင်တော်မူ၏၊ ထိုအရှင်ဥတ္တိယမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၄၄)

၁၃၂။ **အရှင်ဝိမလကောဏ္ဍည**မထေရ်သည် မြူအညစ်အကြေးကင်းတော်မူ၏၊ ဖြူစင်သော ကျင့်ဝတ်တည်းဟူသော မှန်ကင်းရှိသောဗိမ္ဗိသာရမင်းကိုစွဲ၍အမ္ဗပါလီပြည့်တန်ဆာဝမ်း၌ဖြစ်တော်မူ၏၊ တံခွန်အသွင် ထင်ရှားသော ဗိမ္ဗိသာရမင်း၏ သားဖြစ်တော်မူ၏၊ ထိုအရှင်ဝိမလကောဏ္ဍညမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၄၅)

၁၃၃။ **အရှင်သဘိယ**မထေရ်သည် မွေ့လျော်ဘွယ်သော တော၌ နေတော်မူ၍ များစွာသော ကုသိုလ်ကို ပွါးစေလျက် ယောဂလေးပါး၏ကုန်ရာ နိဗ္ဗာန်သို့ အစဉ်ရောက်တော်မူ၏၊ ထိုအရှင်သဘိယမထေရ်သည် အကျွန်ုပ်တို့အား ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၄၆)

၁၃၄။ **အရှင်နာဂိတ**မထေရ်သည် ရှေး၌နေဘူးသော ခန္ဓာအမည်အမျိုးကို သိတော်မူ၏၊ ဒိဗ္ဗစက္ခုကို သုတ်သင်တော်မူ၏၊ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏၊ ထိုအရှင်နာဂိတမထေရ်သည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း,အနာကင်းခြင်းကို ပေးတော်မူပါဘုရား။ (၁၄၇)

၁၃၅။ **အရှင်ဝိဇယ**မထေရ်သည် ပါတိမောက္ခသံဝရသီလသို့ ရောက်တော်မူ၏၊ တောကျောင်းသောလျှင် ကျင်လည်ရာရှိတော်မူ၏၊ ဆွမ်းရသောအခါ ဝပြောစွာ ရဟန်းတရားကို အားထုတ်

ရအံ့ဟူ၍, မရသောအခါ ကိုယ်ပေါ့ပါးစွာ အားထုတ်ရအံ့ဟူ၍ ချီးမွမ်းလေ့ရှိတော်မူ၏။ ထိုအရှင်ဝိဇယမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၄၈)

၁၃၆။ **အရှင်သံဃရက္ခိတ**မဟာထေရ်သည် တကျော်ဟူသော အရုပ်အထွေးကို ဖြေတော်မူ၍ ဝိပဿနာကိုပွါးစေ၍ မြတ်သော ထိရဂုဏ်နှင့် ပြည့်စုံတော်မူ၏၊ ထိုအရှင်သံဃရက္ခိတမဟာထေရ်သည် အကျွန်ုပ်တို့အား မြတ်သောငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၄၉)

၁၃၇။ **အရှင်ဥဿဘ**မထေရ်သည် တောကျောင်း၌ မွေ့လျော်တော်မူ၏၊ ဘဝတကျော်ကို နုတ်ပြီးတော်မူ၏၊ မင်္ဂဖိုလ်တရားတို့၏ အဆုံးသို့ ရောက်တော်မူ၏၊ ထိုအရှင်ဥဿဘမထေရ်သည် အကျွန်ုပ်တို့အား ဘေးရန်အပေါင်းမှ လွတ်ကင်းအောင် စောင့်ရှောက်တော်မူပါဘုရား။ (၁၅၀)

၁၃၈။ **အရှင်ဥသဘ**မထေရ်သည် ရှေးသိဒ္ဓိဘုရားလက်ထက်တော်၌ ကြို့သီးအလှူတည်းဟူသော ကောင်းမှုတို့ကို ပြုခဲ့ပြီး၍ မင်္ဂ၏ရှေ့အဘို့၌ အားထုတ်အပ်သော ကမ္မဋ္ဌာန်းကို ကောင်းစွာ အားထုတ်တော်မူ၏၊ ရဟန္တာ၏အဖြစ်သို့ ရောက်တော်မူ၏၊ ထိုအရှင်ဥသဘမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၅၁)

၁၃၉။ **အရှင်သိဝက**မထေရ်သည် ဈာနသမာပတ် ဖလသမာပတ် နိရောဓသမာပတ်ကို ဝင်စားတော်မူ၏၊ ခြောက်ပါးသော အဘိညာဉ်ရှိတော်မူ၏၊ ကြီးသော တန်ခိုးရှိတော်မူ၏၊ မြတ်စွာဘုရားသည် ဂဟကာရတကျော်ကို ရှုတော်မူသကဲ့သို့ ဂဟကာရတကျော်ကို ရှုတော်မူ၏၊ ထိုအရှင်သိဝကမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၅၂)

၁၄၀။ **အရှင်ဝနိယ**မထေရ်သည် အရိယာတို့၏ ဥစ္စာ သဒ္ဓါစသော တရားခုနစ်ပါးရှိတော်မူ၏၊ တရားရတနာတို့၏ တည်ရာ

ဖြစ်တော်မူ၏၊ သံသရာ၌ သွားတတ်သော တဏှာကို ထွေးအန်တော်မူ၏၊ ထိုအရှင်ခနိယမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၅၃)

၁၄၁။ **အရှင်ပေါသိယ**မထေရ်သည် ခန္ဓာငါးပါးတို့ကို ပိုင်းခြားထင်ထင် သိမြင်၍ အရဟတ္တဖလသမာပတ်ကို **ခံစားတော်**မူ၍ မြတ်သောနိဗ္ဗာန်သို့ ရောက်တော်မူ၏၊ ထိုအရှင်ပေါသိယမထေရ်သည် အကျွန်ုပ်တို့အား ဘေးရန်အပေါင်းမှ လွတ်ကင်းအောင် စောင့်ရှောက်တော်မူပါဘုရား။ (၁၅၄)

၁၄၂။ **အရှင်ဥဇ္ဇယ**မထေရ်သည် ဝင်္ဂကင်းကြောင်းနှင့် ပြည့်စုံတော်မူ၏၊ ဘုရားကို မြတ်နိုးတော်မူ၏၊ ဝါ-ဘုရားသည် မြတ်နိုးတော်မူအပ်၏၊ လောက၏အကျိုး၌ လေ့လာတော်မူ၏၊ ထိုအရှင်ဥဇ္ဇယမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၅၅)

၁၄၃။ **အရှင်သဉ္ဇယ**မထေရ်သည် ဘုရားကို ကြည်ညိုခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုတော်မူ၏၊ ထိုအရှင်သဉ္ဇယမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၅၆)

၁၄၄။ **အရှင်ရာမဏေယျ**မထေရ်သည် ကြီးသော တန်ခိုးရှိတော်မူ၏၊ မာရ်မင်းကို အောင်တော်မူ၏၊ နိဗ္ဗာန်သို့ ညွတ်သောစိတ်ရှိတော်မူ၏၊ ထိုအရှင်ရာမဏေယျမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၅၇)

၁၄၅။ **အရှင်ဝိရ**မထေရ်သည် မကောင်းမှု, ကောင်းမှုနှစ်ပါးစုံကို လွန်တော်မူ၏၊ အာသဝေါလေးပါး ကင်းတော်မူ၏၊ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏၊ ထိုအရှင်ဝိရမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၅၈)

၁၄၆။ **အရှင်ပုဏ္ဏမာသ**မဟာထေရ်သည် ပံသုကူသက်န်းကို ဆောင်တော်မူ၏၊ ရဟန်းတရားကို အားထုတ်တော်မူ၏၊ ထို အရှင်ပုဏ္ဏမာသမဟာထေရ်သည် ရွှေ့ပြုအပ်သော အစီရင်ကို ပြု၍ အကျွန်ုပ်တို့အား မြတ်သော ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၅၉)

၁၄၇။ **အရှင်ပဉ္စသဂ်ါတိဂ**မထေရ်သည် ဩရမ္ဘာဂိယသံယောဇဉ်ငါးပါးကို ဖြတ်တော်မူ၏၊ ဥဒ္ဓံဘာဂိယ သံယောဇဉ်ငါးပါးကို စွန့်တော်မူ၏၊ သဒ္ဓါစသော ဣန္ဒြေငါးပါးကို အလွန် ပွါးစေတော်မူ၏၊ ထိုအရှင်ပဉ္စသဂ်ါတိဂမထေရ်သည် အခါခပ်သိမ်း အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၆၀)

၁၄၈။ **အရှင်ဗေလဋ္ဌသီသ**မထေရ်သည် ရှေးရသေ့ဖြစ်သော အခါ၌ ယဇ်ကြီး ယဇ်ငယ် ပူဇော်ခြင်းကို စီရင်တတ်သည်ဖြစ်လျက် ဘုရားသို့ ဆည်းကပ်ခြင်းသော လည်းလျှောင်းရာ ရှိတော်မူ၏၊ သက်န်း, ဆွမ်း, ကျောင်း ဆိုးကောင်းရာရာ ရောင့်ရဲကာလျှင် ဘာဝနာရာမဟူသော အရိယာတို့၏ အနွယ်ကို ဆောင်တော်မူ၏၊ ထိုအရှင်ဗေလဋ္ဌသီသမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၆၁)

၁၄၉။ **အရှင်အဇိတ**မဟာထေရ်သည် ငါးပါးကုန်သော ဖြစ်ဆဲသောဘေးတို့ကို ကြောက်ခြင်း, ထိတ်လန့်ခြင်း ကင်းတော်မူ၏၊ အသက်၌ တပ်ခြင်းရှိတော်မမူ၊ ထို အရှင်အဇိတမဟာထေရ်သည် အကျွန်ုပ်တို့အား မြတ်သော ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၆၂)

၁၅၀။ **အရှင်ကုလ္လ**မထေရ်သည် ဝင့်ကင်းခြင်း၌ မှီကုန်သော ကောင်းမှုတို့ကိုပြု၍ ဘုရားကို ဆည်းကပ်ခြင်းရှိတော်မူ၏၊ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏၊ ထိုအရှင်ကုလ္လမထေရ်သည် အကျွန်ုပ်တို့အား မြတ်သော ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၆၃)

၁၅၁။ **အရှင်နိဂြောဓ**မထေရ်သည် ဝိပဿနာဉာဏ်ဖြင့် လက္ခဏာရေးသုံးပါးကို ရှုလေ့ရှိတော်မူ၏၊ တရားတော်၏

အမွေခံဖြစ်တော်မူ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်းကို ကောင်းစွာ မြင်တော်မူ၏၊ ထိုအရှင်နိဂြောဓမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၆၄)

၁၅၂။ **အရှင်သုဂန္ဓ**ရဟန္တာသည် ဝိဇ္ဇာသုံးပါးတို့သို့ ရောက်တော်မူ၏၊ ခပ်သိမ်းသော မကောင်းမှု ကုန်ပြီးတော်မူ၏၊ ထိုအရှင်သုဂန္ဓရဟန္တာသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၆၅)

၁၅၃။ **အရှင်နန္ဒိယ**မဟာထေရ်သည် သဒ္ဓါတရားနှင့် ပြည့်စုံတော်မူ၏၊ အောင်အပ်ပြီးသော ကိလေသာ ရှိတော်မူ၏၊ အဘိညာဉ်ခြောက်ပါး၏ အဆုံးသို့ ရောက်တော်မူ၏၊ ထို အရှင်နန္ဒိယမဟာထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၆၆)

၁၅၄။ ရွှေပန်းထိမ်သည်၏ သား **အရှင်ဝိမလ**မထေရ်သည် မာရ်ကို အောင်ကြောင်းတရား၌ မွေ့လျော်တော်မူ၏၊ ကိလေသာတို့ကို မဂ်ဉာဏ်မီးဖြင့် လောင်ကျွမ်းစေတော်မူ၏၊ ထိုအရှင်ဝိမလမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၆၇)

၁၅၅။ **အရှင်တိဿ**မထေရ်သည် နတ်ပြည်, လူ့ပြည်တို့၌ လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို အစဉ်ခံစားပြီး၍ ရဟန္တာမြတ် ဖြစ်တော်မူ၏၊ ထိုအရှင်တိဿမထေရ်သည် အကျွန်ုပ်တို့အား မြတ်သောငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၆၈)

၁၅၆။ **အရှင်သုမင်္ဂလ**မဟာထေရ်သည် ကိလေသာမှ ကောင်းစွာ လွတ်တော်မူ၏၊ ရဟန္တာမြတ် ဖြစ်တော်မူ၏၊ ကိုယ်, နှုတ်, နှလုံး သုံးပါးသော ကောက်ခြင်းတို့မှ လွတ်တော်မူ၏၊ ထို အရှင်သုမင်္ဂလ မဟာထေရ်သည် အကျွန်ုပ်တို့အား မြတ်သော ငြိမ်းအေးခြင်းကို ပြုတော်မူပါဘုရား။ (၁၆၉)

၁၅၇။ **အရှင်ဂုတ္တ**မထေရ်သည် ဖွင့်နိုင်ခဲစွာ အဝိဇ္ဇာဟူသော တံခါးကျည်မှ ကင်းတော်မူ၏၊ ကင်းသော အလိုအာသာရှိတော်မူ၏၊ အလုံးစုံသော အညစ်အကြေးကို သုတ်သင်တော်မူ၏၊ ဝိဝေကသုံးပါး၌ မွေ့လျော်တော်မူ၏၊ ထိုအရှင်ဂုတ္တမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇၀)

၁၅၈။ **အရှင်ဂိရိမာနန္ဒ**မထေရ်သည် ပဝိဝေက သုံးပါးသို့ ရောက်တော်မူ၏၊ ကုသိုလ်တရားတို့ကို ပွါးစေတော်မူတတ်၏၊ ထိုအရှင်ဂိရိမာနန္ဒမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇၁)

၁၅၉။ **အရှင်သမိဒ္ဓိ**မထေရ်သည် မြတ်စွာဘုရား အဆုံးအမတော်ကို အားထုတ်တော်မူ၏၊ ဘာဝနာ၌ မွေ့လျော်တော်မူ၏၊ ပြည့်စုံစေအပ်သော ဂုဏ်နှင့်တကွ ဖြစ်တော်မူ၏၊ ထိုအရှင်သမိဒ္ဓိမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇၂)

၁၆၀။ **အရှင်ဇောတိ**မထေရ်သည်မြတ်စွာဘုရားကိုနှစ်သက်စေတော်မူ၏၊ ဝါ-ပြီးစေအပ်သော အောင်ခြင်း ရှိတော်မူ၏၊ ငြိမ်သက်တော်မူ၏၊ ခပ်သိမ်းသော သံသရာမှ လွတ်တော်မူ၏၊ ရဟန္တာမြတ် ဖြစ်တော်မူ၏၊ ထိုအရှင်ဇောတိ မထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇၃)

၁၆၁။ **အရှင်မဟာစုန္ဒ**မထေရ်သည် အစွန်အနား ဖြစ်သော ကျောင်းတို့ကို မှီဝဲလျက် ဈာန်ကို အားထုတ်တော်မူ၏၊ အဘိညာဉ် ခြောက်ပါးရှိတော်မူ၏၊ ထိုအရှင်မဟာစုန္ဒမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇၄)

၁၆၂။ **အရှင်ဆန္န**မထေရ်သည် ဗြဟ္မဒဏ်ဟူသော ဘုရား အဆုံးအမတော်ကို နာလျက် ယောဂလေးပါး ကုန်ခြင်းသို့ ရောက်

တော်မူ၏၊ ဘွားဘက်ဖြစ်တော်မူ၏၊ ထိုအရှင်ဆန္နမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇၅)

၁၆၃။ **အရှင်မေဃိယ** မထေရ်သည် စာလိယတောင်၌ နေတော်မူသောအခါ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်တော်မူ၏၊ ဘုရားသို့ ဆည်းကပ်ခြင်းသာ လည်းလျောင်းရာ ရှိတော်မူ၏၊ ဇာလိကာရွာ ကိမိကာလာမြစ်နား သရက်ဥယျာဉ်၌ဖြစ်သော မိစ္ဆာဝိတက်ကို ဖြတ်တော်မူ၏၊ ထိုအရှင်မေဃိယမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇၆)

၁၆၄။ **အရှင်ဥပဝါဏ**မဟာထေရ်သည် ဆင်ငယ်ပမာ ကြီးစွာသော ကိုယ်ရှိတော်မူ၏၊ရဟန္တာကြီး ဖြစ်တော်မူ၏၊ ကြီးသော တန်ခိုးရှိတော်မူ၏၊ ထက်မြက်သော တန်ခိုးရှိတော်မူ၏၊ ထိုအရှင်ဥပဝါဏမဟာထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇၇)

၁၆၅။ **အရှင်သံကိစ္စ**မထေရ်သည် ခိုးသားငါးရာကို ဆုံးမတော်မူ၏၊ သံယောဇဉ်ခပ်သိမ်း ကုန်တော်မူ၏၊ ထိုအရှင်သံကိစ္စမထေရ်သည် အကျွန်ုပ်တို့အား ဘေးခပ်သိမ်းမှ စောင့်ရှောက်တော်မူပါဘုရား၊ အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, အနာကင်းခြင်းကို ပေးတော်မူပါဘုရား။ (၁၇၈)

၁၆၆။ **အရှင်သောပါက**မထေရ်သည် မြတ်စွာဘုရား မေးတော်မူအပ်သော ကုမာရပဉှာ,အသုဘပဉှာကို ဖြေခြင်း၌ လိမ္မာတော်မူ၏၊ မေတ္တာဈာန်၌ မွေ့လျော်တော်မူ၏၊ မဂ်ဖိုလ်၏ အကြောင်းနှင့် ပြည့်စုံတော်မူ၏၊ ထိုအရှင်သောပါကမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၇၉)

၁၆၇။ **အရှင်သုမန**မထေရ်သည် ဗုဒ္ဓုပ္ပါဒနဝမခေတ်၏ပြည့်စုံခြင်းသို့ ရောက်တော်မူ၏၊ ချမ်းသာသဖြင့် ကြီးပွါးတော်မူ၏၊ ရဟန္တာဖြစ်တော်မူ၏၊ ထိုအရှင်သုမနမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၀)

၁၆၈။ **အရှင်သာနု**မထေရ်သည် နတ်လူတို့သည် ချစ်တော်မူ၏၊ များသောအကြားအမြင် ရှိတော်မူ၏၊ မေတ္တာဈာန်ကို ဝင်စားလေ့ရှိတော်မူ၏၊ မောဟကို သတ်လေ့ရှိတော်မူ၏၊ ထိုအရှင်သာနုမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၁)

၁၆၉။ **အရှင်အင်္ဂုလိမာလ**မထေရ်သည် ရှေးခိုးသူဖြစ်သောအခါ၌ ပြုအပ်သော တထောင်ပြည့်နေ လူဗိုလ်ခြေကို အသေလည်းသတ် လက်ချောင်းဖြတ်သော မကောင်းမှုကို မဂ်ဉာဏ်ကုသိုလ်ဖြင့် ပိတ်ဆို့ဆီးတားတော်မူ၏၊ ထိုအရှင်အင်္ဂုလိမာလမထေရ်သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀၂)

၁၇၀။ အချို့မထေရ်ကြီးတို့သည် အာသဝေါလေးပါးကုန်ခန်း၍ ရဟန္တာဖြစ်တော်မူကုန်၏၊ အချို့မထေရ်ကြီးတို့သည် တန်ခိုးအာနုဘော် ကြီးမားထက်မြက်တော်မူကုန်၏၊ အချို့မထေရ်ကြီးတို့သည် ကြီးစွာသော မောဟအမိုက်ကို ပယ်ဖျောက်တော်မူကုန်၏၊ အချို့မထေရ်ကြီးတို့သည် ဝိပဿနာဘာဝနာကို အားထုတ်တော်မူကုန်၏၊ အချို့မထေရ်ကြီးတို့သည် သမထဘာဝနာကို အားထုတ်တော်မူကုန်၏။

၁၇၁။ အချို့မထေရ်ကြီးတို့သည် ဈာန်အဘိညာဉ်ကို ရတော်မူကုန်၏၊ အချို့မထေရ်ကြီးတို့သည် ဈာန်အဘိညာဉ်ကို ရတော်မမူကုန်၊ အချို့မထေရ်ကြီးတို့သည် သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိတော်မူကုန်၏၊ အချို့မထေရ်ကြီးတို့သည် သီလဝန္တ ကလျာဏပုထုဇဉ် ဖြစ်တော်မူကုန်၏၊ ထိုအလုံးစုံ

ကုန်သော မထေရ်ကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ဘေးရန်အပေါင်းကို အောင်မြင်ခြင်း, အနာရောဂါကင်းခြင်း, အသက်ရှည်ကြာ နေရခြင်းကို ပေးသနားတော်မူပါကုန်ဘုရား။

## ရဟန္တာမိန်းမများ

၁၇၂။ **ဂေါတမီ**ထေရီသည် မြတ်စွာဘုရား၏ မိထွေးတော် ဖြစ်တော်မူ၏၊ ရှေးဦးစွာ ရဟန်းအဖြစ်ကိုရ၍ ရှည်မြင့်စွာသော ညဉ့်၏ အပိုင်းအခြားကို သိကုန်သော ရဟန်းမိန်းမတို့တွင် ဧတဒဂ် အရာ၌ တင်ထားတော်မူအပ်၏ (ညဉ့်အပိုင်းအခြားကိုသိသော အရာ၌ ဧတဒဂ် ရတော်မူ၏)၊ ထိုဂေါတမီထေရီသည် အကျွန်ုပ် တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော် မူပါဘုရား။ (၁)

၁၇၃။ **ခေမာ**ဟု ကျော်စောထင်ရှားသော ထေရီသည် ပညာဉာဏ်ကြီးသော ရဟန်းမိန်းမတို့တွင် မြတ်သော ဧတဒဂ် အရာ၌ တည်ရှိတော်မူ၏ (ပညာဉာဏ်ကြီးသောအရာ၌ ဧတဒဂ် ရတော်မူ၏)၊ မြတ်စွာဘုရား၏ လက်ျာတော်ရံ အဂ္ဂသာဝိကာမ ဖြစ်တော်မူ၏၊ ထိုခေမာထေရီသည် အကျွန်ုပ်တို့အား အခါခပ် သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၂)

၁၇၄။ **ဥပ္ပလဝဏ်**ထေရီသည် တန်ခိုးအာနုဘော်ကြီးကုန် သော ရဟန်းမိန်းမတို့တွင် မြတ်တော်မူ၏ (တန်ခိုးအာနုဘော် ကြီးသောအရာ၌ ဧတဒဂ် ရတော်မူ၏)၊ မြတ်စွာဘုရား၏ လက်ဝဲ တော်ရံ အဂ္ဂသာဝိကာမ ဖြစ်တော်မူ၏၊ ထိုဥပ္ပလဝဏ်ထေရီ သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းကို ပြုတော်မူပါဘုရား။ (၃)

၁၇၅။ **ပဋာစာရာ**ဟု ကျော်စောထင်ရှားသော ထေရီသည် ဝိနည်းမိုရ် ရဟန်းမိန်းမတို့တွင် အမြတ်ဆုံးဟု ဧတဒဂ်အရာ၌ တင်ထားတော်မူအပ်၏ (ဝိနည်းအရာ၌ ဧတဒဂ် ရတော်မူ၏)၊

ထိုပဋာစာရာထေရီသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၄)

၁၇၆။ **ဓမ္မဒိန္နာ**ထေရီသည် တရားစကား ဟောကြားတတ်သော ရဟန်းမိန်းမတို့တွင် အမြတ်ဆုံးဟု ဧတဒဂ်အရာ၌ တင်ထားတော်မူအပ်၏ (တရားဟောအရာ၌ ဧတဒဂ် ရတော်မူ၏)၊ ထိုဓမ္မဒိန္နာထေရီသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၅)

၁၇၇။ **နန္ဒာ**ထေရီသည် ဈာန်ဝင်စား၍ နေလေ့ရှိကုန်သော ရဟန်းမိန်းမတို့တွင် ဧတဒဂ်အရာ၌ တည်တော်မူ၏၊ (ဈာန်ဝင်စားရာ၌ ဧတဒဂ် ရတော်မူ၏)၊ ထိုနန္ဒာထေရီသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၆)

၁၇၈။ **သောဏာ**ထေရီသည် အားထုတ်အပ်သော ဝီရိယရှိကုန်သော ရဟန်းမိန်းမတို့တွင် မြတ်သော ဧတဒဂ်အရာ၌ တင်ထားတော်မူအပ်၏ (ဝီရိယအားထုတ်ရာ၌ ဧတဒဂ် ရတော်မူ၏)၊ ထိုသောဏာထေရီသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၇)

၁၇၉။ **ဗကုလာ**ဟု ကျော်စောထင်ရှားသော ထေရီသည် နတ်မျက်စိရှိကုန်သော ထေရီတို့တွင် မြတ်တော်မူ၏ (ဒိဗ္ဗစက္ခုအရာ၌ ဧတဒဂ် ရတော်မူ၏)၊ စင်ကြယ်သောမျက်စိ ရှိတော်မူ၏၊ ထိုဗကုလာထေရီသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၈)

၁၈၀။ **ကုဏ္ဍလကေသာ**ထေရီသည် လျင်မြန်သော အဘိညာဉ်ရှိသော ရဟန်းမိန်းမတို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏ (အဘိညာဉ်အရာ၌ ဧတဒဂ် ရတော်မူ၏)၊ ထိုကုဏ္ဍလကေသာထေရီသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၉)

၁၀၁။ **ဘဒ္ဒကာပိလာနီ**ထေရီသည် ရှေးအဖြစ်ကို အောက်မေ့လေ့ရှိတော်မူ၏၊ ရှေးအဖြစ်ကို အောက်မေ့နိုင်သော ရဟန်းမိန်းမတို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏ (ပုဗ္ဗေနိဝါသာနုဿတိအရာ၌ ဧတဒဂ် ရတော်မူ၏)၊ ထိုဘဒ္ဒကာပိလာနီထေရီသည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၀)

၁၀၂။ **ဘဒ္ဒကစ္စာနာ**ထေရီသည် အပိုင်းအခြား လွန်သောအားဖြင့် များမြတ်သော အဘိညာဉ်ရှိကုန်သော ရဟန်းမိန်းမတို့တွင် မြတ်တော်မူ၏ (အဘိညာဉ် များသောအရာ၌ ဧတဒဂ်ရတော်မူ၏)၊ ပါရမီဖြည့်ကာ မြတ်စွာဘုရားနှင့် ချမ်းသာ ဆင်းရဲအတူတကွ ဖြစ်တော်မူ၏၊ ထိုဘဒ္ဒကစ္စာနာထေရီသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၁)

၁၀၃။ **ကိသာဂေါတမီ**ထေရီသည် ဆိုးရွားရိုန္တမ်း ရှုန့်ကြမ်းသော သင်္ကန်းကို ဆောင်ကုန်သော ရဟန်းမိန်းမတို့တွင် အမြတ်ဆုံးဖြစ်တော်မူ၏၊ လူခစီဝရဓာရီအရာ၌ ဧတဒဂ်တင်ထားတော်မူအပ်၏ (လူခစီဝရဓာရီအရာ၌ ဧတဒဂ် ရတော်မူ၏)၊ ထိုကိသာဂေါတမီထေရီသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။ (၁၂)

၁၀၄။ **သိင်္ဂါလမာတာ**ထေရီသည် ဘုရားဂုဏ်ကို ယုံကြည်သဖြင့် နှလုံးသွင်းခြင်းများကုန်သော ရဟန်းမိန်းမတို့တွင် မြတ်တော်မူ၏ (သဒ္ဓါဓိမုတ္တအရာ၌ ဧတဒဂ် ရတော်မူ၏)၊ ထိုသိင်္ဂါလမာတာထေရီသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း မြတ်သော ငြိမ်းအေးခြင်းကိုင်း, အနာကင်းခြင်းကိုင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကိုင်း ပြုတော်မူပါဘုရား။ (၁၃)

၁၀၅။ ခပ်သိမ်းကုန်သော အထူးထူးသော လောကီလောကုတ္တရာဂုဏ်ကို ဆောင်ကုန်သော ရေတွက်သချ်ာ လွန်

များစွာကုန်သော ဆိုအပ်ပြီးသား တပါးမက များလှကုန်သော ဘိက္ခုနီခေါ် ထေရီမေ‌ာ်တို့သည် အကျွန်ုပ်တို့အား သောက ရောဂ စသည်ထွေထွေ ဖြစ်ပွါးစေတတ်သော ခပ်သိမ်းများစွာ ဘေးဘယာမှ စောင့်ရှောက်တော်မူပါကုန်ဘုရား။

၁၀၆။ သဒ္ဓါမိက ပညာမိက သီလာမိကဖြစ်ကုန်သော သောတာပတ္တိမဂ်စသော အဘို့အစုအားဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာစသော ကိလေသာကို လောင်စေတတ်ကုန်သော သောတာပန်စသော သေက္ခပုဂ္ဂိုလ်တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါကုန်ဘုရား။

နဂါးများ

၁၀၇။ သုမန နဂါးမင်း, သုမနစလ နဂါးမင်း, အရဝါဠ နဂါးမင်း, ဧရကပတ္တ နဂါးမင်း, စမ္ပေယျ နဂါးမင်း, မုစလိန္ဒ နဂါးမင်း, နဂါးတို့ကို အစိုးရသော ကမ္ဗလနဂါးမင်း,– (၇)

၁၀၈။ ကာလ နဂါးမင်း, မဟာကာဠ နဂါးမင်း, သင်္ခပါလ နဂါးမင်း, မဟောဒရ နဂါးမင်း, မဏိကဏ္ဍ နဂါးမင်း, မဏိအက္ခိ နဂါးမင်း, နန္ဒ နဂါးမင်း, ဥပနန္ဒ နဂါးမင်း,– (၈-၁၅)

၁၀၉။ ဝရုဏ နဂါးမင်း, ဓတရဋ္ဌ နဂါးမင်း, ကုဏ္ဍလ နဂါးမင်း, အပလာလ နဂါးမင်း, စိတြ နဂါးမင်း, မဟာဝီရ နဂါးမင်း, ဆဗျာပုတ္တ နဂါးမင်း, ဝါသုကိ နဂါးမင်း,– (၁၆-၂၃)

၁၉၀။ နဂါးတို့ကိုအစိုးရသော ကဏှာဂေါတမ နဂါးမင်း, အဂ္ဂိသိခ နဂါးမင်း, ဓူမသိခ နဂါးမင်း, ထိုမှတပါး စူဠောဒရ နဂါးမင်း, အဟိစ္ဆတ္တ နဂါးမင်း, ရောပထစသော နဂါး မင်းများ, (၂၄-၂၉)

၁၉၁။ လျင်သောအဆိပ်ရှိသော နဂါးမျိုးများ, မြင်းသော အဆိပ်ရှိသော နဂါးမျိုးများ, မျက်စိလက်နက်ရှိသော ဒိဋ္ဌဝိသ နဂါးမျိုးများ, ရေနဲ့တည်သော နဂါးမျိုး, ကုန်း၌တည်သော

နဂါးမျိုးများ, တောင်၌နေသောနဂါးမျိုး, မြစ်၌နေသော နဂါးမျိုးများ, ဤသို့ ခပ်သိမ်းကုန်သော နဂါးမျိုးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း မြတ်သော ချမ်းသာခြင်းကိုင်း, အသက်ရှည်ခြင်း,အနာကင်းခြင်းကိုင်း ပြုကြပါကုန်လော့။

## ပြိတ္တာများ

၁၉၂။ နိဇ္ဈာမတဏှိကပြိတ္တာများ, မြွားမွေးရောက်သော ပြိတ္တာ, လုံမွေးရောက်သော ပြိတ္တာများ, အသားစိုင်ပြိတ္တာစသော ပြိတ္တာများ, ဗိမာန်၌နေသော ပြိတ္တာစသော ပြိတ္တာတို့သည် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကုန်သည်ဖြစ်၍ အကျွန်ုပ်တို့အား အခါခပ်သိမ်း အလုံးစုံသော ကြောက်မက်ဘွယ်အာရုံကို ပြုခြင်းမှ စောင့်ရှောက်ကြပါကုန်လော့။

## အသုရာများ

၁၉၃။ ပဟာရာဒအသုရာ, သမ္ဗရအသုရာ, ဗလိအသုရာ, ဝေပစိတ္တိအသုရာ, စန္ဒအသုရာစသော အသုရာအပေါင်းတို့သည် ရှိကြကုန်၏။

၁၉၄။ ကြီးသော တန်ခိုး ရှိကုန်သော မြေဘုတ် ဘီလူးကို တားမြစ်တတ်ကုန်သော ထိုခပ်သိမ်းကုန်သော အသုရာတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြီးခြင်းကိုင်း, အနာကင်းခြင်းကိုင်း, ရန်အောင်ခြင်းကိုင်း ပြုကြပါကုန်လော့။

## နတ်များ

၁၉၅။ ခုနစ်ထောင်မျှလောက်ကုန်သော ကပိလဝတ်ပြည်ကို မှီ၍ဖြစ်ကုန်သော ဘူမစိုးဖြစ်ကုန်သော ကြီးသော တန်ခိုးရှိကုန်သော ကြီးသောအာနုဘော်ရှိကုန်သော ကိုယ်ရောင်အဆင်း ရှိကုန်သော များသော အခြံအရံရှိကုန်သော နတ်တို့သည် ရှိကုန်၏။

၁၉၆။ ရတနာသုံးပါးကို ကိုးကွယ်ကြကုန်သော ကြီးသော တန်ခိုးရှိကုန်သော အရောင်အဝါကို ဆောင်ကုန်သော ခပ်သိမ်း ကုန်သောနတ်တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြီးခြင်းကိုင်း,အနာကင်းခြင်းကိုင်း,ရန်အောင် ခြင်းကိုင်း ပြုကြပါကုန်လော့။

၁၉၇။ ခြောက်ထောင်ကုန်သော ဟေမဝတတောင်၌ နေကုန်သော အထူးထူးသော အဆင်းရှိကုန်သော ဘုရားကို ပူဇော်ခြင်း၌ အမြဲမွေ့လျော်ကုန်သော နတ်တို့သည် အကျွန်ုပ် တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော် မူကြပါကုန်လော့။

၁၉၈။ သုံးထောင်ကုန်သော သာတာဂိရိတောင်၌ နေကုန် သော အညိုစသော အဆင်းရှိကုန်သော အထူးထူးသော အရောင်နှင့် ပြည့်စုံကုန်သော နတ်တို့သည် အကျွန်ုပ်တို့အား အခါ ခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါ ကုန်လော့။

၁၉၉။ ငါးရာကုန်သော ဝေဿာမိတ္တတောင်၌ နေကုန်သော အထူးထူးသော အဆင်းရှိကုန်သော ကြီးသောတန်ခိုးရှိကုန်သော ကြီးသောအာနုဘော်ရှိကုန်သော ကိုယ်ရောင်အဆင်းရှိကုန်သော များသောအခြံအရံရှိကုန်သော နတ်တို့သည် ဝမ်းမြောက်ကုန်လျက် မဟာသမယအခါ လာကြကုန်ပြီ၊ထိုနတ်တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါ ကုန်လော့။

၂၀၀။ ကုမ္ဘီရ နတ်စစ်သူကြီးသည် ရာဇဂြိုဟ်ပြည်၌ ဖြစ်၏၊ ထိုကုမ္ဘီရ နတ်စစ်သူကြီး၏ ဗိမာန်ကား ဝေပုလ္လတောင်တည်း၊ ထိုကုမ္ဘီရနတ်စစ်မှူးကို အသိန်းမကသော ဘီလူးတို့သည် ဝန်းကျင် တို့ဝပ် ဆည်းကပ်ရ၏၊ အသိန်းမကသော ဘီလူးတို့သည် ခြံရံ အပ်သော ထိုကုမ္ဘီရ နတ်စစ်မှူးသည် အကျွန်ုပ်တို့အား အခါ ခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါလော့။

၂၀၁။ ဓတရဋ္ဌ နတ်မင်းကြီးသည် အရှေ့အရပ်မျက်နှာ၌ နေကုန်သော နတ်တို့ကို ဆုံးမ စီရင်တော်မူ၏၊ ကုဋေတသိန်းမျှ များသော ဗိုလ်ပါ အခြံအရံ ရှိတော်မူ၏၊ ထိုဓတရဋ္ဌ နတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌ နေကုန်သော ဂန္ဓဗ္ဗနတ်တို့ကို အုပ်စိုးသောမင်း ဖြစ်တော်မူ၏။

၂၀၂။ ထိုဓတရဋ္ဌ နတ်မင်းကြီး၏ သားတော်တို့သည် ဣန္ဒ အမည်ရှိကြကုန်၏၊ ကိုးကျိပ်တပါး များလှကုန်၏၊ ကြီးမားသော ခွန်အား များသောဗိုလ်ပါ ရှိကြကုန်၏၊ ထိုဓတရဋ္ဌ နတ်မင်းကြီးသည် သားတော်တို့နှင့်တကွ အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါလော့။

၂၀၃။ ဝိရူဠ္ဟက နတ်မင်းကြီးသည် တောင်အရပ်မျက်နှာ၌ နေကုန်သော နတ်တို့ကို ဆုံးမစီရင်တော်မူ၏၊ ကုဋေတသိန်းမျှ များသော ဗိုလ်ပါအခြံအရံ ရှိတော်မူ၏၊ ထိုဝိရူဠ္ဟက နတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌ နေကုန်သော ကုမ္ဘဏ်တို့ကို အုပ်စိုးသောမင်း ဖြစ်တော်မူ၏။

၂၀၄။ ထိုဝိရူဠ္ဟက နတ်မင်းကြီး၏ သားတော်တို့သည် ဣန္ဒ အမည်ရှိကြကုန်၏၊ ကိုးကျိပ်တပါး များလှကုန်၏၊ ကြီးမားသော ခွန်အား များသောဗိုလ်ပါ ရှိကြကုန်၏၊ ထိုဝိရူဠ္ဟကနတ်မင်းကြီးသည် သားတော်တို့နှင့်တကွ အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါလော့။

၂၀၅။ ဝိရူပက္ခ နတ်မင်းကြီးသည် အနောက်အရပ်မျက်နှာ၌ နေကုန်သော နတ်တို့ကို ဆုံးမစီရင်တော်မူ၏၊ ကုဋေတသိန်းမျှ များသော ဗိုလ်ပါအခြံအရံ ရှိတော်မူ၏၊ ထိုဝိရူပက္ခနတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌ နေကုန်သော နဂါးတို့ကို အုပ်စိုးသောမင်း ဖြစ်တော်မူ၏။

၂၀၆။ ထိုဝိရူပက္ခ နတ်မင်းကြီး၏ သားတော်တို့သည် ဣန္ဒ အမည်ရှိကြကုန်၏၊ ကိုးကျိပ်တပါး များလှကုန်၏၊ ကြီးမားသော

ခွန်အား များသောဗိုလ်ပါ ရှိကြကုန်၏၊ ထိုဝိရူပက္ခနတ်မင်းကြီး သည် သားတော်တို့နှင့်တကွ အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါလော့။

၂၀၇။ ကုဝေရ နတ်မင်းကြီးသည် မြောက်အရပ်မျက်နှာ၌ နေကုန်သော နတ်တို့ကို ဆုံးမစီရင်တော်မူ၏၊ ကုဋေတသိန်းမျှ များသော ဗိုလ်ပါအခြံအရံ ရှိတော်မူ၏၊ ထိုကုဝေရနတ်မင်း ကြီးသည် အရပ်လေးမျက်နှာ၌ နေကုန်သော ဘီလူးတို့ကို အုပ်စိုး သောမင်း ဖြစ်တော်မူ၏။

၂၀၈။ ထိုကုဝေရ နတ်မင်းကြီး၏ သားတော်တို့သည် ဣန္ဒ အမည် ရှိကြကုန်၏၊ ကိုးကျိပ်တပါး များလှကုန်၏၊ ကြီးမား သောခွန်အား များသော ဗိုလ်ပါအခြံအရံ ရှိကြကုန်၏၊ ထိုကုဝေရ နတ်မင်းကြီးသည် သားတော်တို့နှင့်တကွ အကျွန်ုပ်တို့အား အခါ ခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါလော့။

၂၀၉။ ဓတရဋ္ဌ နတ်မင်းကြီးသည် အရှေ့အရပ်မျက်နှာ၌ နေ တော်မူ၏၊ ဝိရူဠှကနတ်မင်းကြီးသည် တောင်အရပ်မျက်နှာ၌ နေ တော်မူ၏၊ ဝိရူပက္ခနတ်မင်းကြီးသည် အနောက်အရပ်မျက်နှာ၌ နေတော်မူ၏၊ ကုဝေရနတ်မင်းကြီးသည် မြောက်အရပ်မျက်နှာ၌ နေတော်မူ၏။

၂၁၀။ ထိုနတ်မင်းကြီးလေးပါးတို့သည် ထက်ဝန်းကျင် အရပ် လေးမျက်နှာတို့၌ တောင်ထိပ်မီးတမျှ ထွန်းလင်းတောက်ပ ကုန်လျက် တည်နေတော်မူကြကုန်၏၊ ထိုနတ်မင်းကြီးလေးပါး တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၁၁။ ထိုနတ်မင်းကြီး လေးပါးတို့၏ ပြုအပ်ပြီးသော မကောင်းမှုကို ဖုံးလွှမ်းခြင်း ရှိကုန်သော မျက်မှောက် မျက်ကွယ် လှည့်ပတ်တတ်ကုန်သော စဉ်းလဲကုန်သော ကျွန်တို့သည် မဟာသမယအခါ လာကြကုန်ပြီ၊ လှည့်ပတ်တတ်ကုန်သော

ကျွန်တို့သည်—ကုဋ္ဌေဏ္ဏှုမည်သောကျွန်, ဝိဋ္ဌေဏ္ဏုမည်သော ကျွန်, ဝိဋ္ဌုန္တမည်သောကျွန်, ဝိဋ္ဌုဋ္ဌမည်သော ကျွန်နှင့်တကွ,

၂၁၂။ စန္ဒနကျွန်, ကာဝမသေဋ္ဌကျွန်, ကိန္နုဃဏ္ဏုကျွန်, နိဃဏ္ဏုကျွန် ဤရှစ်ယောက်တို့တည်း၊ ပနာဒနတ်, ဩပမညနတ်, သိကြားမင်း၏ ရထားထိန်းဖြစ်သော မာတလိနတ်,

၂၁၃။ စိတ္တမည်သော ဂန္ဓဗ္ဗနတ်, သေနမည်သော ဂန္ဓဗ္ဗနတ်, စိတ္တသေနမည်သော ဂန္ဓဗ္ဗနတ်, ကျူထရံသည်၏သား ရာဇမည်သောနတ်, ဇနေသဘနတ်, သူရိယဝစ္ဆသာကိုရလိုသောဟု ဆုတောင်းသော ပဉ္စသိခနတ်, တိမ္ဗရုနတ်, တိမ္ဗရုနတ်မင်း၏သမီး သူရိယဝစ္ဆသာနတ်သမီး,

၂၁၄။ ကြီးသောခွန်အား များသော မိုလ်ပါရှိကုန်သော ဂန္ဓဗ္ဗအမျိုးဖြစ်ကုန်သော ထိုဆိုအပ်ပြီးသော နတ်အများတို့သည် ၎င်း, တပါးသော နတ်မင်းတို့သည်၎င်း, ဝမ်းမြောက် ဝမ်းသာ အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ကို၎င်း, ရောဂါခပင်း အနာကင်းခြင်းကို၎င်း ပြုတော်မူကြပါ ကုန်လော့။

၂၁၅။ တစ္ဆကနတ်မင်း၏ ပရိသတ်နှင့်တကွ ဖြစ်ကုန်သော များဖွာကုန်သော နာဂသအိုင်၌ နေကုန်သော နဂါးတို့သည်၎င်း, ဝေသာလီပြည်၌ နေကုန်သော နဂါးတို့သည်၎င်း, မြင်းမိုရ်တောင် ခြေကို မှီ၍နေကုန်သော ခွန်အားကြီးကုန်သော ကမ္ဗလနဂါး, အဿတရနဂါးတို့သည်၎င်း,

၂၁၆။ ယမုနာမြစ်နား၌ နေကုန်သော နဂါး, ဓတရဋ္ဌနဂါး တို့သည်၎င်း, များသော အခြံအရံရှိကုန်သော ခပ်သိမ်းသော နဂါးတို့သည်၎င်း, မဟာနာဂမည်သော ဧရာဝဏ်နတ်သည်၎င်း, အကျွန်ုပ်တို့အား ရောဂါခပင်း အနာကင်းခြင်းကို ပြုကြပါ ကုန်လော့။

၂၁၇။ ကြီးသော တန်ခိုးရှိကုန်သော ကြီးသော ခွန်အားရှိကုန်သော အကြင်ဝဠုန်မင်းတို့သည် ကြီးသော ခွန်အားရှိကုန်သော နဂါးမင်းတို့ကို နဂါးကို အောင်မြင်ရာ ခေတ်၌သာလျှင် ဖမ်းယူကုန်၍ ကောင်းကင်၌ ပျံသွားကြကုန်၏၊ မြတ်စွာဘုရားကို ကိုးကွယ်ကုန်သော ထိုခပ်သိမ်းကုန်သော ဝဠုန်မင်းတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုကြပါကုန်လော့။

၂၁၈။ ပထဝီကသိုဏ်းကို စီးဖြန်းခြင်းဥပစာရရျာန်ကြောင့် ဖြစ်ကုန်သော ကြီးသော တန်ခိုးရှိကုန်သော ပထဝီမည်သော နတ်တို့သည်၎င်း အာပေါကသိုဏ်းကို စီးဖြန်းခြင်းဥပစာရရျာန်ကြောင့် ဖြစ်ကုန်သော ကြီးသော တန်ခိုးရှိကုန်သော အာပေါမည်သော နတ်တို့သည်၎င်း တေဇောကသိုဏ်းကို စီးဖြန်းခြင်းဥပစာရရျာန်ကြောင့်ဖြစ်ကုန်သော ကြီးသော တန်ခိုးရှိကုန်သော တေဇောမည်သော နတ်တို့သည်၎င်း ဝါယောကသိုဏ်းကို စီးဖြန်းခြင်းဥပစာရရျာန်ကြောင့် ဖြစ်ကုန်သော ကြီးသော တန်ခိုးရှိကုန်သော ဝါယောမည်သော နတ်တို့သည်၎င်း အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၁၉။ ဝရုဏနတ်, ဝါရုဏနတ်တို့၎င်း, ယသမည်သောနတ်နှင့်တကွ, သောမနတ်၎င်း, မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်း၍ဖြစ်ကုန်သော မေတ္တာမည်သောနတ်, ကရုဏာကမ္မဋ္ဌာန်းကို စီးဖြန်း၍ဖြစ်ကုန်သော ကရုဏာမည်သော နတ်တို့၎င်း, ခပ်သိမ်းကုန်သောနတ်တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၂၀။ အလျား ယူဇနာ၃ါးဆယ်ရှိသော အတွင်းကားရွှေ, အပကား ဖလ်ရတနာဖြင့်ပြီးသော နေဗိမာန်၌တည်နေသော နေနတ်သားသည် အမိုက်မှောင်တို့ကို ပယ်ဖျောက်၍ အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါလော့။

၂၂၁။ လောကဝ္ဗ ချမ်းအေးခြင်းကို ပြုတတ်သော အရောင်ဖြင့် ထွန်းတောက်ပလျက် တက်လတ်သော ကြီးစွာသော အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော လနတ်သားသည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူပါလော့။

၂၂၂။ ဝေဏ္ဍုမည်သောနတ်ငှင်း,သဟလိမည်သောနတ်ငှင်း, အသမမည်သောနတ်ငှင်း, ယမနတ် နှစ်ယောက်တို့ငှင်း, လနတ်သားကို မှီသောနတ်တို့ငှင်း, နေနတ်သားကို မှီသောနတ်တို့ငှင်း, ဘုရားကို မြတ်နိုးကုန်သော ခပ်သိမ်းကုန်သော နတ်တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၂၃။ နက္ခတ်တို့ကို ဝန်းရံကာ မှီ၍နေသောနတ်, လေနတ်, မိုးနတ်,တိမ်နတ်,အလှူလက်ဦးပေး၍ ကျင့်ဝတ်ခုနစ်ပါးကြောင့် ချီးကျူးအပ်သော သိကြားမင်း ဤနတ်အပေါင်းတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၂၄။ မြတ်ကုန်သော မီးလျှံကဲ့သို့ တောက်ပကုန်သော သဟာဘူနတ်တို့ငှင်း, (ဝါ) ဇလမဂ္ဂိနတ်, သိခါရိဝနတ်တို့ငှင်း, အရိဋ္ဌကနတ်, ရောဇနတ်တို့ငှင်း, အောင်မည်လို့ပွင့်ကဲ့သို့ အဆင်းရှိကုန်သော ဥမာပုပ္ဖနိဘာသီနတ်တို့ငှင်း,

၂၂၅။ ဝရုဏနတ်, သဟာဓမ္မနတ်တို့ငှင်း, အစ္စုတနတ်, အနေဇကနတ်တို့ငှင်း,သူလေယျနတ်,ရုစိရနတ်တို့ငှင်း, ဝါသဝနေသီမည်သောနတ်တို့ငှင်း, တကျိပ်အစုအားဖြင့် ထိုတကျိပ်ကုန်သော နတ်အပေါင်းတို့သည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၂၆။ သမာနနတ်,မဟာသမာနနတ်တို့ငှင်း, မာနုသနတ်, မာနုသုတ္တမနတ်တို့ငှင်း, ခိဍ္ဍာပဒေါသိကနတ်တို့ငှင်း, မနောပဒေါသိကနတ်တို့ငှင်း,

၂၂၇။ ထိုမှတပါးလည်း ဟရိမည်သောနတ်တို့ငင်း,လောဟိတဝါသီမည်သော နတ်တို့ငင်း, ပါရဂနတ်, မဟာပါရဂနတ်တို့ငင်း, တကျိပ်အစုအားဖြင့် ထိုတကျိပ်အပေါင်း ဖြစ်ကုန်သော များသော အခြံအရံရှိကုန်သော နတ်ခပ်သိမ်းတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၂၈။ သုက္ကနတ်,ကရမ္ဘနတ်,အရုဏနတ်တို့သည် ဝေဃနသနတ်နှင့်တကွ မဟာသမယအခါ လာကြကုန်ပြီ၊ အကြီးအမှူးဖြစ်ကြကုန်သော ဩဒါတဂယှနတ်တို့သည်ငင်း, ဝိစက္ခဏနတ်တို့သည်ငင်း,

၂၂၉။ များသော အခြံအရံရှိကုန်သော သဒါမတ္တနတ်, ဟာရဂဇနတ်, မိဿကနတ်တို့သည်ငင်း မဟာသမယအခါ လာကြကုန်ပြီ၊ အကြင် ပဇ္ဇုန်နတ်သည် (မိုးနတ်သားသည်) အရပ် မျက်နှာတို့၌ သည်းထန်စွာ သွန်းချ၏၊ ထိုပဇ္ဇုန်နတ်သည် ထစ်ကြိုးလျက် မဟာသမယအခါ လာပြီ။

၂၃၀။ အလုံးစုံ အထူးထူးသော အဆင်းရှိကုန်သော ကြီးသော တန်ခိုးရှိကုန်သော ကြီးသော အာနုဘော်ရှိကုန်သော ကိုယ်ရောင်အဆင်းရှိကုန်သော များသော အခြံအရံရှိကုန်သော အောင်ဆုကို ပေးတတ်ကုန်သော တကျိပ်အစုအားဖြင့် ထိုတကျိပ်ကုန်သော နတ်အပေါင်းတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၃၁။ နတ်အစရှိသော သတ္တဝါအပေါင်းတို့သည် ထက်ဝန်းကျင်အရပ်မျက်နှာမှ စကြဝဠာတိုက်တသောင်း၌ တည်နေကြကုန်၏၊ ထိုနတ်အစရှိကုန်သော သတ္တဝါအပေါင်းတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၃၂၂။ ကြီးသော တန်ခိုးရှိကုန်သော ခေမိယနတ်,ကင္ဗကာယနတ်တို့သည်၎င်း, ဇောတိမည်သော နတ်တို့သည်၎င်း, လမ္ဗိတကနတ်, လာမသေဋ္ဌနတ်တို့သည်၎င်း, အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၃၃၃။ ဆိုအပ်ခဲ့ပြီးသည်မှတပါး ရေ၌ တည်နေသောနတ်, ကြည်းကုန်း၌ တည်နေသောနတ်, ကောင်းကင်၌ တည်နေသောနတ်, ဘီလူး, ဂန္ဓဗ္ဗနတ်, ကုမ္ဘဏ်, မြေဘုတ်ဘီလူး, နဂါး အစရှိသည်တို့သည် ထင်ရှား ရှိကြကုန်၏၊ ထိုအလုံးစုံကုန်သောနတ်,ဘီလူး, ဂန္ဓဗ္ဗနတ်, ကုမ္ဘဏ်, မြေဘုတ်ဘီလူး, နဂါးတို့သည် ချစ်ခင်သော မေတ္တာစိတ် ရှိကြကုန်လျက် အကျွန်ုပ်တို့အား ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခိုင်မြဲ ကြီးပွါးခြင်းကို ပြုတော်မူကြပါကုန်လော့။

၃၃၄။ တာဝတိံသာနတ်, ယာမာနတ်, တုသိတာနတ်, နိမ္မာနရတိနတ် ဤနတ်တို့သည် တန်ခိုးအာနုဘော် ကြီးမားကြကုန်၏။

၃၃၅။ ပရနိမ္မိတဝသဝတ္တီနတ်တို့သည် တန်ခိုး အာနုဘော် ကြီးမားကြကုန်၏၊ မြတ်စွာဘုရားကို ပူဇော်ခြင်း၌ အမြဲမွေ့လျော်ကြကုန်၏၊သိကြားမင်းနှင့်တကွ ထိုအလုံးစုံကုန်သောနတ်တို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

## ဗြဟ္မာများ

၃၃၆။ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာ,ဗြဟ္မပုရောဟိတာဗြဟ္မာ, မဟာဗြဟ္မာ ဤဗြဟ္မာကြီးတို့သည် ပဌမဈာန်သုံးဘုံ၌ တည်နေကြကုန်၏။

၃၃၇။ ထိုဗြဟ္မာကြီးတို့သည် မေတ္တာဈာန်ဖြင့် နေလေ့ရှိကြကုန်၏၊ငြိမ်သက်တည်ကြည်ကြကုန်၏၊မြတ်စွာဘုရားကိုဆည်းကပ်

ခစားကြကုန်၏၊ ပုထုဇဉ်ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏၊ ထိုအလုံးစုံကုန်သော မြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား မြတ်သော ချမ်းသာ ကြီးပွါးခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၃၀။ ပရိတ္တာဘာဗြဟ္မာ, အပ္ပမာဏာဘာဗြဟ္မာ, အာဘဿရာဗြဟ္မာ ဤဗြဟ္မာကြီးတို့သည် မြတ်စွာဘုရားကို ပူဇော်ခြင်း၌ အမြဲမွေ့လျော်ကြကုန်၏၊ ဒုတိယစျာန်သုံးဘုံ၌ တည်နေကြကုန်၏။

၂၃၉။ ထိုဗြဟ္မာကြီးတို့သည် သတ္တဝါတို့ကို ချစ်ခြင်းမေတ္တာ, သနားခြင်းကရုဏာရှိကြကုန်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွါးကို ရှာမှီးလေ့ရှိကြကုန်၏၊ ထိုအလုံးစုံကုန်သော ဗြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား မွန်မြတ်သော ငြိမ်းအေးခြင်း ကြီးပွါးခြင်း အနာရောဂါကင်းခြင်း အသက်ရှည်ခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၄၀။ ပရိတ္တသုဘာဗြဟ္မာ, အပ္ပမာဏသုဘာဗြဟ္မာ, သုဘကိဏှာဗြဟ္မာ ဤဗြဟ္မာကြီးတို့သည် တတိယစျာန် သုံးဘုံ၌ တည်နေကြကုန်၏။

၂၄၁။ ထိုဗြဟ္မာကြီးတို့သည် လောက၌ ကိုယ်ရောင်ကိုယ်ဝါဖြင့် ပြန့်နှံ့ကြကုန်၏၊ အခါခပ်သိမ်း စျာန်ကိုပွါးများခြင်း၌ မွေ့လျော်ကြကုန်၏၊ ခပ်သိမ်းသောသတ္တဝါတို့၌ ညှဉ်းဆဲခြင်း ကင်းကြကုန်၏၊ ထိုဗြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ငြိမ်သက်ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၄၂။ ဝေဟပ္ဖိုလ်ဗြဟ္မာကြီးတို့သည် ပုထုဇဉ်ပုဂ္ဂိုလ်, သေက္ခပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ် ဖြစ်ကြကုန်၏၊ စတုတ္ထစျာန်ဘုံ၌ တည်နေကြကုန်၏၊ ထိုဗြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၄၃။ အဝိဟာဗြဟ္မာကြီးတို့သည် မြတ်စွာဘုရား၏ တပည့်သားဖြစ်ကြကုန်၏၊ စျာန်သမာပတ်နှင့် ပြည့်စုံခြင်းမှ မဆုတ်ယုတ်

မပျောက်ပျက်သောကြောင့် အဝိဟာ အမည်ရကြကုန်၏၊ ထိုအလုံးစုံကုန်သော အဝိဟာဗြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၄၄။ အတပ္ပါဗြဟ္မာကြီးတို့သည် စတုတ္ထဈာန်ဘုံ၌ တည်နေကြကုန်၏၊ အလုံးစုံကုန်သော ဗြဟ္မဝိဟာရဖြင့် နေလေ့ရှိကြကုန်သော ထိုအတပ္ပါဗြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခိုင်မြဲ ကြီးပွါးခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၄၅။ သုဒဿာဗြဟ္မာကြီးတို့သည် ကာမဘုံသို့ ပဋိသန္ဓေနေခြင်းအားဖြင့် တဖန်မလာကြကုန်၊ဈာန်ချမ်းသာကို သုံးဆောင်ခံစားလေ့ရှိကြကုန်၏၊ အထူးသဖြင့် အဆင်းသဏ္ဌာန် လှကြကုန်၏၊ထိုသုဒဿာဗြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား ငြိမ်းအေးကြီးပွါးခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၄၆။ သုဒဿီဗြဟ္မာကြီးတို့သည် ဗြဟ္မဝိဟာရတရားနှင့် ပြည့်စုံကြကုန်၏၊ မြတ်စွာဘုရားကို ဆည်းကပ် ခစားခြင်း၌သာ လည်းလျောင်းရာ ရှိကြကုန်၏၊ ထိုသုဒဿီဗြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၄၇။ အကနိဋ္ဌဗြဟ္မာကြီးတို့သည် အရဟတ္တမဂ်ဖြင့် ပယ်ထားခြင်းကြောင့် ဘဝတဏှာ ကင်းဝေးကြကုန်၏၊ အလုံးစုံကုန်သော ဂုဏ်ကျေးဇူးတို့ဖြင့် ကြီးမြင့်သည့်အတွက် အကနိဋ္ဌ အမည်ရကြကုန်၏၊ ထိုဗြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၄၈။ အာကာသာနဉ္စာယတနဗြဟ္မာကြီးတို့သည် ခပ်သိမ်းသော ကသိုဏ်းရုပ်, ကသိုဏ်းရုပ်ကို အာရုံပြုသော ရူပဈာန်မှ ကင်းကြကုန်၏ (ရုပ်မရှိကုန်၊ နာမ်သာရှိကြကုန်၏)၊ ရုပ်ကို အောင်မြင်ပြီးသော ပဉ္စမာရူပဈာန်သို့ ကပ်၍ မွေ့လျော်ကြကုန်၏၊

ထိုအလုံးစုံကုန်သော အာကာသာနဉ္စာယတနပြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၄၉။ ဝိညာဏဉ္စာယတနပြဟ္မာကြီးတို့သည် အောက်ဖြစ်သော ပဌမာရုပ္ပဈာန်၌ တပ်နှစ်သက်ခြင်းကင်းကြကုန်၏၊ ပဌမာရုပ္ပဈာန်ကို အောင်မြင်ပြီးသော် ဒုတိယာရုပ္ပဈာန်သို့ ကပ်၍ မွေ့လျော်ကြကုန်၏၊ ထိုအလုံးစုံကုန်သော ဝိညာဏဉ္စာယတနပြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၅၀။ အာကိဉ္စညာယတနပြဟ္မာကြီးတို့သည် အောက်ဖြစ်သော ပဌမာရုပ္ပဈာန်, ဒုတိယာရုပ္ပဈာန်၌ တပ်နှစ်သက်ခြင်းကင်းကြကုန်၏၊ ဒုတိယာရုပ္ပဈာန်ကို အောင်မြင်ပြီးသော် တတိယာရုပ္ပဈာန်သို့ ကပ်၍ မွေ့လျော်ကြကုန်၏၊ ထိုအလုံးစုံကုန်သော အာကိဉ္စညာယတနပြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၅၁။ နေဝသညာနာသညာယတနပြဟ္မာကြီးတို့သည် အောက်ဖြစ်သော ပဌမာရုပ္ပဈာန်, ဒုတိယာရုပ္ပဈာန်, တတိယာရုပ္ပဈာန်၌ တပ်နှစ်သက်ခြင်း ကင်းကြကုန်၏၊ တတိယာရုပ္ပဈာန်ကို အောင်မြင်ပြီးသော် စတုတ္ထာရုပ္ပဈာန်သို့ ကပ်၍ မွေ့လျော်ကြကုန်၏၊ ထိုအလုံးစုံကုန်သော နေဝသညာနာသညာယတနပြဟ္မာကြီးတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

### အထွေထွေ

၂၅၂။ ပုဗ္ဗဝိဒေဟကျွန်း(အရှေ့ကျွန်း), အပရဂေါယာနကျွန်း (အနောက်ကျွန်း), ဇမ္ဗူဒိပ်ကျွန်း (တောင်ကျွန်း), ဥတ္တရကုရုကျွန်း (မြောက်ကျွန်း) ဤကျွန်းကြီးလေးကျွန်း၌ တည်နေကြကုန်သော

နတ်, ဘီလူး, မြေဘုတ်ဘီလူး, ဝိဇ္ဇာဓိုရ်အစရှိကုန်သော သတ္တဝါတို့သည် ထင်ရှားရှိကြကုန်၏။

၂၅၃။ ကောင်းကင်၌ တည်နေကြကုန်သော ဗြဟ္မာကြီးများ, ရေ၌၎င်း ကောင်းကင်၌၎င်း တည်နေကြကုန်သော အခြေနှစ်ချောင်းရှိကုန်သော သတ္တဝါအစရှိသည်တို့သည် ထင်ရှားရှိကြကုန်၏၊ ထိုအလုံးစုံကုန်သော သတ္တဝါတို့သည် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို ပြုတော်မူကြပါကုန်လော့။

၂၅၄။ မြတ်စွာဘုရားသည် မာရ်မင်း,မာရ်မင်း၏စစ်သည်ကို ဖျက်ဆီးတော်မူ၏၊ ချမ်းသာစွာ ရှာန်သမာပတ်ကို ဝင်စားတော်မူလေ့ရှိ၏၊ ထိုမြတ်စွာဘုရား၏ ကြီးစွာသော တန်ခိုးအာနုဘော်အစွမ်းသတ္တိကြောင့် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကောင်းခြင်းစုံစွာ မင်္ဂလာ ဖြစ်စေတော်မူပါဘုရား။

၂၅၅။ မြတ်စွာဘုရားသည် အမျိုးမျိုးသော လောကီဂုဏ်, လောကုတ္တရာဂုဏ်တို့ဖြင့် ဆန်းကြယ်သော ရူပကာယ ခန္ဓာကိုယ်ရှိတော်မူ၏၊ ခပ်သိမ်းကုန်သော နတ်, လူတို့ကို မာရ်မင်း၏အနှောင်အဖွဲ့မှ (ကိလေသာအနှောင်အဖွဲ့မှ) လွတ်မြောက်စေတော်မူ၏၊ ထိုမြတ်စွာဘုရား၏ ကြီးစွာသော မေတ္တာတော်အစွမ်းသတ္တိကြောင့် အကျွန်ုပ်တို့အား အခါခပ်သိမ်း ကောင်းခြင်းစုံစွာ မင်္ဂလာ ဖြစ်စေတော်မူပါဘုရား။

၂၅၆။ မြတ်စွာဘုရား၏ သဗ္ဗညုတညာဏ်စသည်တို့၏ အပေါင်းဖြစ်သော ဓမ္မကာယတော်သည် မျက်စိ,နား,နှာ,လျှာ, ကိုယ်, စိတ်တို့ဖြင့် မြင်ကောင်း, ကြားကောင်း, နံကောင်း, လျက်ကောင်း, တွေ့ထိကောင်း, သိကောင်းသော အာရုံမဟုတ်ပေ၊ ဉာဏ်ပညာတော်၏ အာရုံသာ ဖြစ်တော်မူ၏၊ထိုဓမ္မကာယ၏ ကြီးစွာသော တန်ခိုးအာနုဘော် အစွမ်းသတ္တိကြောင့် အကျွန်ုပ်တို့အား အလုံးစုံသော ကောင်းခြင်းစုံစွာ မင်္ဂလာ ဖြစ်စေတော်မူပါဘုရား။

၂၅၇။ တာဝတိံသာနတ်ပြည်ဝယ် နတ်တို့ကို အဘိဓမ္မာ တရားဟောရန် ဖန်ဆင်းအပ်သော နိမ္မိတရူပကာယ ကိုယ်တော် တုသည် မြတ်စွာဘုရား၏ ရူပကာယကိုယ်တော်စစ်နှင့် တူတော် မူ၏၊ ထိုနိမ္မိတရူပကာယ ကိုယ်တော်တု၏ ကြီးစွာသော တန်ခိုးအာနုဘော် အစွမ်းသတ္တိကြောင့် အကျွန်ုပ်တို့အား အခါ ခပ်သိမ်း ကောင်းခြင်းစုံစွာ မင်္ဂလာ ဖြစ်စေတော်မူပါဘုရား။

၂၅၈။ မြတ်စွာဘုရားသည် လူ, နတ်, ဗြဟ္မာသတ္တဝါတို့ကို ဆုံးမတော်မူသည့်အတိုင်း ကျင့်ဆောင်စေတော်မူ၏၊ သံသရာ ဝဋ်ဆင်းရဲမှ ကျွတ်လွတ် ထွက်မြောက်စေတော်မူ၏၊ ဘုံသုံးပါး၌ ဖြစ်သော သင်္ခါရတရားတို့ကို ပယ်စွန့်တော်မူလျက် အနုပါဒါ ပရိနိဗ္ဗာန်သို့ (ခန္ဓာကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာန်သို့) စံဝင် တော်မူလေပြီ၊ ထိုပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော မြတ်စွာဘုရား၏ ကြီးစွာသော တန်ခိုးအာနုဘော် အစွမ်းသတ္တိကြောင့် အကျွန်ုပ် တို့အား အလုံးစုံသော ကောင်းခြင်းစုံစွာ မင်္ဂလာ ဖြစ်စေတော် မူပါဘုရား။

၂၅၉။ ရှစ်သောင်းလေးထောင်ကုန်သော ဓမ္မက္ခန္ဓာတရား တော်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်၎င်း, အင်္ဂါ ကိုးပါးရှိသော ပရိယတ္တိသာသနာတော်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်၎င်း, လောကုတ္တရာတရား ကိုးပါး၏ တန်ခိုး တေဇော် အာနုဘော်ကြောင့်၎င်း ခပ်သိမ်းသော မကောင်းမှု တို့ကို သုတ်သင်ဆေးကြော မျှောလိုက်သည်ဖြစ်၍ အကျွန်ုပ် တို့အား အလုံးစုံသော ကောင်းခြင်းစုံစွာ မင်္ဂလာ ဖြစ်စေတော် မူပါဘုရား။

၂၆၀။ အရိယာသံဃာတော်သည် ကြီးကျယ်မွန်မြတ်တော် မူ၏၊ ကောင်းမှု၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်တော် မူ၏၊ လောကဓံကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ် နှင့် ပြည့်စုံတော်မူ၏၊ ခပ်သိမ်းသောမကောင်းမှုကို စွန့်ပယ်တော် မူ၏၊ သီလကျေးဇူး, သမာဓိကျေးဇူး, ပညာကျေးဇူးကို ဆောင် တော်မူ၏၊ ထိုကြီးကျယ်မွန်မြတ်သော အရိယာသံဃာတော်၏

ကြီးစွာသော တန်ခိုးတေဇော် အာနုဘော်ကြောင့် အကျွန်ုပ်တို့အား အလုံးစုံသော ကောင်းခြင်းစုံစွာ မင်္ဂလာ ဖြစ်စေတော်မူပါဘုရား။

၂၆၁။ အချို့သောနတ်, ဘီလူး, မြေဘုတ်ဘီလူး, ဝိဇ္ဇာဓိုရ်, ဂန္ဓဗ္ဗနတ်, နဂါး, ကုမ္ဘဏ်, ရေစောင့်ဘီလူးတို့သည် ဥမင်လိုဏ်ခေါင်း၌ တည်နေကြကုန်၏၊ အချို့သောနတ်, ဘီလူး, မြေဘုတ်ဘီလူး, ဝိဇ္ဇာဓိုရ်, ဂန္ဓဗ္ဗနတ်, နဂါး, ကုမ္ဘဏ်, ရေစောင့်ဘီလူးတို့သည် မြေအပြင်၌ တည်နေကြကုန်၏၊ အချို့သော နတ်ဘီလူး, မြေဘုတ်ဘီလူး, ဝိဇ္ဇာဓိုရ်, ဂန္ဓဗ္ဗနတ်, နဂါး, ကုမ္ဘဏ်, ရေစောင့်ဘီလူးတို့သည် ကောင်းကင်၌ တည်နေကြကုန်၏၊ ထိုအလုံးစုံကုန်သော နတ်ဘီလူးအစရှိသည်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် အကျွန်ုပ်တို့အား အလုံးစုံသော ကောင်းခြင်းစုံစွာ မင်္ဂလာသည် ဖြစ်ပါစေသတည်း။

၂၆၂။ ဤသို့ "တဏှင်္ကရော မဟာဝီရော"စသော နှစ်ရာခြောက်ဆယ်တစ်ဂါထာ သဒ္ဒါအပေါင်း, ဘုရားဒြပ် သမ္ဗုဒ္ဓေန် လုံ့လစသော အနက်အပေါင်းဖြင့် မိန့်ဆိုအပ်သော ဥပ္ပါတသန္တိကျမ်းကို အကြင်ဘုရားဂုဏ်စသည်ကို ယုံကြည်ခြင်းရှိသောသူသည် ပုဒ်အက္ခရာ မှန်ကန်စွာမူလည်း ရွတ်ရာ၏၊ ရိုသေစွာမူလည်း နာရာ၏၊ ထိုသဒ္ဓါတရားရှိသော သူသည် ခပ်သိမ်းသော မကောင်းမှုတို့ကို အောင်မြင်ရာ၏၊ အာယုဝဏ္ဏ စသည်ငါးပါး ကြီးပွါးခြင်းသည်လည်း မချွတ်ဖြစ်လတ္တံ့သတည်း။

၂၆၃။ ကောင်းသောအကျိုးစီးပွါးကို အလိုရှိသောသူသည် ကောင်းသောအကျိုးစီးပွါးကို ရနိုင်၏၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကို အလိုရှိသောသူသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကို ရနိုင်၏၊ အသက်ရှည်ခြင်းကို အလိုရှိသောသူသည် အသက်ရှည်ခြင်းကို ရနိုင်၏၊ သားသမီးကို အလိုရှိသောသူသည် သားသမီးတို့ကို ရနိုင်၏။

၂၆၄။ ထိုဥပ္ပါတသန္တိကျမ်းကို ဟော, ရွတ်, နာခံသော သူအား လေ,သည်းခြေစသည်တို့ကြောင့် ဖြစ်ကုန်သော အနာရောဂါတို့သည် မနှိပ်စက်နိုင်ကုန်၊ အခါမရောက်မီ ဥပစ္ဆေဒကကံကြောင့် သေခြင်းသည် မရှိ၊ကြမ်းထမ်းယုတ်မာ နတ်မိစ္ဆာသည် မညီမညွတ် အချွတ်အယွင်း အယုတ်အားဖြင့် မနှိပ်စက်နိုင်။

၂၆၅။ ထိုသူအား အတွင်း,အပ ကျရောက်တတ်သော ဘေးရန်သည် မဖြစ်၊ ရောက်ပြီးသော ဘေးရန်သည် မတိုးပွါးသည်သာတည်း၊ ထို့မှတပါး မကောင်းသဖြင့် တည်ကုန်သော မကောင်းသောနိမိတ်တို့သည် ပျောက်ပျက်ကုန်၏၊ အခါခပ်သိမ်း အသက်ရှည်ခြင်းသည်၎င်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြီးခြင်းသည်၎င်း အနာကင်းခြင်းသည်၎င်း ဖြစ်နိုင်၏။

၂၆၆။ အကြင်လူသည် မြတ်သော ဥပ္ပါတသန္တိကျမ်းကို နာပြီး၍လည်း စစ်မြေပြင်သို့ ဝင်ရာ၏၊ ထိုသူသည် ခပ်သိမ်းသော ရန်သူတို့ကို အောင်ရာ၏၊ လက်နက်တို့သည် မနှိပ်စက်အပ်နိုင်။

၂၆၇။ အခါခပ်သိမ်း နှစ်သက်ခြင်းကို ရနိုင်၏၊ ပျက်စီးခြင်းသည် မသက်ဝင်နိုင်၊ အနာရောဂါတို့သည် မနှိပ်စက်အပ်နိုင်၊ မိမိဥစ္စာဖြင့် အထူးပွါးများနိုင်၏။

၂၆၈။ အကြင်သို့သော တော,တောင်,သစ်ပင်,ရေ,မြေပြင် အရပ်၌ ကြမ်းကြုတ်ရဲခက် နိုင်ထက်ကလူ ပြုတတ်ကုန်သော ဖမ်းယူတတ်ကုန်သော ဥဗကကြီး, ဥဗကငယ်တို့သည်၎င်း ရေစောင့်ဘီလူးစသည်တို့သည်၎င်း ရှိကုန်၏၊ ထိုအရပ်၌ ထိုခပ်သိမ်းကုန်သော ဥဗကစသည်တို့သည် ဥပ္ပါတသန္တိကျမ်းကို ရွတ်ဘတ်သရဇ္ဈာယ်သော အသံကြောင့် ငြိမ်းအေးကုန်၏။

၂၆၉။ အသက်ရှည်သည်လည်းဖြစ်သော နည်းသောအသက်ရှိသည်လည်းဖြစ်သော အကြင်သူကို ရည်စူး၍ ဥပ္ပါတသန္တိကျမ်းကို ရွတ်ဆို၏၊ ထိုသူသည် အခါခပ်သိမ်း ကြီးစွာသော ဆင်းရဲမှ

ကင်းလွတ်၍၊ ကောင်းသောသူတို့၏ လားရာ သုဂတိရွာသို့ ရောက်နိုင်၏။

၂၇၀။ နတ်ကွန်း,နတ်နန်း၌ရင်း, မြို့၌ရင်း အမြဲစောင့်ရှောက်ကုန်သော နတ်မင်းတို့သည် ရည်မှတ်၍ ရွတ်ဆိုအပ်သော ဥပ္ပါတသန္တိကျမ်းကြောင့် တန်ခိုးအသရေ တိုးပွါးကုန်၏။

၂၇၁။ မြေလှုပ်ခြင်း, ရေကြီးခြင်းစသည်တို့ကြောင့် ဖြစ်ကုန်သော ဥပါတ်တို့သည်၎င်း, ကောင်းကင်၌ ကျိုတ်ထခြင်းစသည်ကြောင့် ဖြစ်ကုန်သော ဥပါတ်တို့သည်၎င်း, လကြတ်ခြင်းစသည်ကြောင့် ဖြစ်ကုန်သော ဥပါတ်တို့သည်၎င်း, နိမိတ်မလောင်းမကောင်းမှုကံ သက်သက်ကြောင့် ဖြစ်ကုန်သော ခပ်သိမ်းသော ဥပါတ်တို့သည်၎င်း ဥပ္ပါတသန္တိကျမ်း၏တန်ခိုးကြောင့် ပျောက်ပျက်ကုန်၏။

ဥပ္ပါတသန္တိ-မြန်မာဘာသာ
ပြီး၏။

# မေတ္တာပို့ ဆုတောင်း နတ်ပို့ အမျှဝေ

(က) ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

(က) ဒုက္ခပ္ပတ္တာ၊ဆင်းရဲဒုက္ခ ရောက်နေကြကုန်သော။သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်။နိဒ္ဒုက္ခာ စ၊ ဆင်းရဲဒုက္ခ ကင်းဝေးကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဘယပ္ပတ္တာ၊ ကြောက်လန့်မအေး ဘေးနှင့်ရင်ဆိုင် တွေ့နေကြရကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ နိဗ္ဘယာ စ၊ ကြောက်လန့်ကင်းကွာ ဘေးဘယာမရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သောကပ္ပတ္တာ၊ စိုးရိမ်ကြောင့်ကြ ဗျာပါရသို့ ရောက်၍နေကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကြကုန်သော။ ပါဏိနော၊ တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်။ နိဿောကာ စ၊ ကြောင့်ကြမဲ့လျှင်း စိုးရိမ်ခြင်း မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(ခ) ဧတ္တာဝတာ စ အမှေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊
သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

(ခ) ဧတ္တာဝတာ၊ သဒ္ဒါစေတနာ ဝေဖြာသန့်ရှင်း ညစ်ကြေးကင်း၍ ထိန်လင်းကြက်သရေ ယုန်စက်ငွေသို့ လက်ဝေစေကြောင်း ဖြစ်သော ဤသုတ်ပါဠိတော် ပရိတ်တရားတော်တို့ကို ဘတ်ရွတ်

သရဏ္ဏာယ်၍ မြတ်စွာဘုရားကို ပူဇော်ခြင်းဖြင့်။ အမေ့ဟိ၊ အကျွန်ုပ်တို့သည်။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ အလုံးစုံကုန်သော စည်းစိမ်ချမ်းသာမင်္ဂလာ ကြက်သရေတို့နှင့် ပြည့်စုံစေခြင်းငှါ။ သမ္ဘတံ၊ ကောင်းစွာမပြတ် ဆည်းပူးအပ်သော။ ပုညသမ္ပဒံ၊ ဖြူစင်သန့်ရှင်း ကုသိုလ်ကောင်းမှုတို့၏ ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဒေဝါ၊ စကြဝဠာ အဖြာဖြာမှ ကြွလာသောင်းသောင်း နတ်မြဟ္မာ အပေါင်းတို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက်နုမော်သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။

(ဂ) ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာ’ဂတာ။

(ဂ) ဒါနံ၊ ပေးကမ်းစွန့်ကြဲ နဲများမဟူ အလှူဒါနကို။ သဒ္ဓါယ၊ ကံ,ကံ၏အကျိုးကို ယုံကြည်လျက်။ဒဒန္တု၊ဘဝ,ဘောဂ တောင့်တမရှိ ပကတိစင်ဖြူ ပေးလှူနိုင်ကြပါစေကုန်သတည်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆို။သီလံ၊ စာရိတ္တ ဝါရိတ္တ မြတ်သီလကို။ ရက္ခန္တု၊ မကျိုးမပေါက် စောင့်ရှောက် ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထဝိပဿနာ ဘာဝနာ၌ ကောင်းစွာကြိုးပမ်းလျက် စီးဖြန်းမွေ့လျော်ကြကုန်သည်။ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ စကြဝဠာ ကမ္ဘာလောကခေါ်ဘ် အရပ်ရပ်မှ ဆိုက်ကပ်ညီညာ ရောက်လာကြကုန်သော။ ဒေဝါ၊ နတ်မြဟ္မာအပေါင်းတို့သည်။ ဂစ္ဆန္တု၊ သာဓုအနုမောဒနာ ဝမ်းမြောက်စွာလျှင် နှုတ်လျှာသံညီး ပြုပြီးလေဘိ မိမိတို့၏နေရာ ပျော်ဘွယ်ရာရိပ်ခန်း ဘုံဗိမာန်နန်းသို့ ကြွမြန်းတော်မူကြပါစေကုန်သတည်း။

(ဃ) ပုညဘာဂမိမံ စ’ညံ၊
သမံ ဒဒါမ ကာရိတံ။
အနုမောဒန္တု တံ သဗ္ဗေ၊
မေဒိနီ ဌာတု သက္ခိကေ။

(ဃ) အမေ့ဟိ၊ အကျွန်ုပ်တို့သည်။ ကာရိတံ၊ စေတနာကွန်မြူးသဒ္ဓါထူးဖြင့် ဆည်းပူး ပြုလုပ်အပ်သော။ ဣမဉ္စ ပုညဘာဂံ၊ သုတ်ပါဠိတော်, ပရိတ်တရားတော်တို့ကို ရွတ်ဘတ် သရဇ္ဈာယ်၍ မြတ်စွာဘုရားအား လေးစားကော်ရော် ပူဇော်ခြင်းဟူသော ဤကုသိုလ်ကောင်းမှု၏ အဘို့အစုကိုရင်း။ အညဉ္စ ပုညဘာဂံ၊ ထိုမှတပြား သင့်လျော်သောအခါ၌ ကောင်းစွာပြုစု ကုသိုလ်ကောင်းမှု၏ အဘို့အစုကိုရင်း။ သဗ္ဗေသံ၊ လူနတ်ဗြဟ္မာ သတ္တဝါမကြွင်း ခပင်းဥဿုံ အလုံးစုံတို့အား။ သမံ ဒဒါမ၊ အညီအမျှ ရကြစေငှါ ပေးဝေပါကုန်၏။ သဗ္ဗေ၊ လူနတ်ဗြဟ္မာ သတ္တဝါမကြွင်း ခပင်းဥဿုံ အလုံးစုံတို့သည်။ တံ ပုညဘာဂံ၊ အကျွန်ုပ်တို့ ပေးဝေအပ်သော ထိုကုသိုလ်ကောင်းမှု အဘို့အစုကို။ အနုမောဒန္တု၊ ဝမ်းမြောက်နှမော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။ မေဒိနီ၊ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးသည်။ အမှာကံ၊ အကျွန်ုပ်တို့၏။ သက္ခိကော၊ ကာလရှည်လျားမေ့လျော့ငြားလည်း ပြောကြားပါစေ သက်သေအရာ၌။ ဌာတု၊ အေးယာဉ်ပုခက် အိုးထိန်းစက်သို့ သွက်သွက်လှုပ်ကာ ထံ့ခွင်သာဝယ် တည်လှာရပ်တံ့ပါစေသတည်း။

# အခမ်ိန့်တော်ပြန်တမ်း

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

"ယေ စ ဗုဒ္ဓါ အတီတာ စ၊ သမုဒ္ဒဝါလုကူပမာ" ဒေသနာ ဓမ္မကျွန် နှုတ်တော်ထွက် သာမုက္ကံကို ထုတ်ပြန်သာဓကေ ကာလ ရှေးခါ ဂင်္ဂါဝါလု သဲစုအမျှ ပွင့်တော်မူကြ၍ အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ တိမ်းညွတ်စံဝင် ဘုရားရှင်တို့သည် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာ မြေမိုး ဖျန်းဖျန်းကြိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူကြကုန်၏၊ ထိုဘုရားရှင်တို့၏ ဘုန်းတော်, ကံတော်, ဉာဏ်တော်, တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း

"စိန္တိတံ သတ္တသင်္ချေယျံ" ဓမ္မကျွန်အလာ ပါရမီရင့်ကြောင်း အကျွန်ုပ်တို့ ဘုရားအလောင်းသည် စိတ်ဖြင့် ကြံစည်၍ ဘုရားဆုကို တောင်းခဲ့ရာ နန္ဒအသင်္ချေ သုနန္ဒအသင်္ချေ ပထဝီအသင်္ချေ မဏ္ဍအသင်္ချေ ဓရဏီအသင်္ချေ သာဂရအသင်္ချေ ပုဏ္ဍရိက အသင်္ချေ ဤခုနစ်အသင်္ချေအတွင်း၌ ပွင့်တော်မူကြ၍ အနုပါ-ဒိသေသ နိဗ္ဗာနဓာတ်သို့ တိမ်းညွတ်စံဝင် ဗြဟ္မဒေဝ အစ ရှိသော တသိန်းနှစ်သောင်းငါးထောင်ကုန်သော ဘုရားရှင်တို့သည် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကြိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူကြကုန်၏၊ ထိုဘုရားရှင်တို့၏ ဘုန်းတော်, ကံတော်, ဉာဏ်တော်, တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

"နဝသင်္ချေယျဝါစကံ" ဓမ္မကျွန်အလာ ပါရမီရင့်ကြောင်း အကျွန်ုပ်တို့ ဘုရားအလောင်းသည် နှုတ်ဖြင့်မြွက်၍ ဘုရားဆုကို တောင်းခဲ့ရာ သဗ္ဗဘဒ္ဒအသင်္ချေ သဗ္ဗဖုလ္လအသင်္ချေ သဗ္ဗရတန

အသင်္ချေ ဥသဘက္ခန္ဓအသင်္ချေ မာနိဘဒ္ဒအသင်္ချေ ပဒုမအသင်္ချေ ဥသဘအသင်္ချေ ခန္ဓုတ္တမအသင်္ချေ သဗ္ဗမာလအသင်္ချေ ဤကိုးအသင်္ချေအတွင်း၌ ပွင့်တော်မူကြ၍ အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ တိမ်းညွတ်စံဝင် ပေါရာဏသကျဂေါတမ အစရှိကုန်သော သုံးသိန်းရှစ်သောင်းခုနစ်ထောင်ကုန်သော ဘုရားရှင်တို့သည် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကြိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူကြကုန်၏၊ ထိုဘုရားရှင်တို့၏ ဘုန်းတော်, ကံတော်, ဉာဏ်တော် တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

"ကာယဝါစိ စတုချာတံ" မိန့်တော်သံအလာ ပါရမီရင့်ကြောင်း အကျွန်ုပ်တို့ ဘုရားအလောင်းသည် ကိုယ်, နှုတ်နှစ်ပါးတို့ဖြင့် ဘုရားဆုကိုတောင်းခဲ့ရာ သေလအသင်္ချေ ဘာသအသင်္ချေ ဇေယျအသင်္ချေ ရုစိယအသင်္ချေ ဤလေးအသင်္ချေအတွင်း၌ ပွင့်တော်မူကြ၍ အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ တိမ်းညွတ်စံဝင် တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ, ကောဏ္ဍည, မင်္ဂလ, သုမန, ရေဝတ, သောဘိတ, အနောမဒဿီ, ပဒုမ, နာရဒ, ပဒုမုတ္တရ, သုမေဓ, သုဇာတ, ပိယဒဿီ, ဓမ္မဒဿီ, အတ္ထဒဿီ, သိဒ္ဓတ္ထ, တိဿ, ဖုဿ, ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန္ဓ, ကောဏာဂမန, ကဿပ, ဂေါတမ ဤနှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့သည် ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကြိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူကြကုန်၏၊ ထိုဘုရားရှင်တို့၏ ဘုန်းတော်, ကံတော်, ဉာဏ်တော်, တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

ဘုရားရှင်တို့ ဟောကြားတော်မူအပ်သော တရားတော်တို့သည် ဝိမုတ္တိရသအားဖြင့်တပါး ဓမ္မ,ဝိနယအားဖြင့်နှစ်ပါး ပိဋကတ်အားဖြင့် သုံးပါး နိကာယ်အားဖြင့် ငါးပါး အင်္ဂါအားဖြင့် ကိုးပါး ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိတော်မူကုန်၏၊ သုတ္တန္တကာ အစရှိသော ဂုဏ်တော်ခြောက်ပါးနှင့်

ပြည့်စုံတော်မူကုန်၏၊ သတ္တဝါတို့ကို အပါယ်ဆင်းရဲ, သံသရာဝဋ်ဆင်းရဲမှ ကယ်တင်၍ လူချမ်းသာ,နတ်ချမ်းသာ,ဗြဟ္မာချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာသို့ ပို့ဆောင်တော်မူကုန်၏၊ ဘုန်းတန်ခိုးအာနုဘော် ကြီးမားတော်မူကုန်၏၊ ထိုတရားတော်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

ဘုရားရှင်တို့၏ တပည့်သားဖြစ်ကုန်သော အရိယာသံဃာတော်, သမ္မုတိသံဃာတော်တို့သည် သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူကုန်၏၊ ပဋိသမ္ဘိဒါပတ္တဂုဏ်, ဆဠဘိညဂုဏ်, တေဝိဇ္ဇဂုဏ်တို့နှင့် ပြည့်စုံတော်မူကုန်၏၊ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်,ဝိမုတ္တိဉာဏဒဿနဂုဏ် အစရှိသည်တို့နှင့် ပြည့်စုံတော်မူကုန်၏၊ ဘုန်းတန်ခိုးအာနုဘော်ကြီးမားတော်မူကုန်၏၊ ထိုသံဃာတော်တို့၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် လေးလမြောက်သောအခါ ရာဇဂြိုဟ်ပြည် ဝေဘာရတောင် စရည်းပင်ပေါက်ရာလိုဏ်ဝ၌ ပဌမသံဂါယနာတင် အရှင်မဟာကဿပအမှူးရှိသော ငါးရာသော ရဟန္တာအရှင်မြတ်တို့သည် ဘုန်းတန်ခိုးအာနုဘော်ကြီးမားတော်မူကုန်၏၊ ထိုရဟန္တာ အရှင်မြတ်တို့၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

သာသနာတော် သက္ကရာဇ် (၁၀၀) ပြည့်နှစ်သို့ ရောက်သောအခါ ဝေသာလီပြည် ဝါလိကာရာမကျောင်းတိုက်၌ ဒုတိယသံဂါယနာတင် အရှင်မဟာယသ အမှူးရှိသော ခုနစ်ရာသော ရဟန္တာအရှင်မြတ်တို့သည် ဘုန်းတန်ခိုးအာနုဘော် ကြီးမားတော်မူကုန်၏၊ ထိုရဟန္တာအရှင်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

သာသနာတော် သက္ကရာဇ် (၂၃၅) ခုနှစ်သို့ရောက်သောအခါ ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတိုက်၌ တတိယသံဂါ

ယနာတင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးရှိသော တထောင်သော ရဟန္တာအရှင်မြတ်တို့သည် ဘုန်းတန်ခိုးအာနုဘော် ကြီးမားတော်မူကုန်၏၊ ထိုရဟန္တာအရှင်မြတ်တို့၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

သာသနာတော် သက္ကရာဇ် (၄၅၀) ပြည့်နှစ်သို့ ရောက်သောအခါ သီဟိုဠ်ကျွန်း မလယဇနပုဒ် အာလောကလိုဏ်ဂူ စတုတ္ထသံဂါယနာတင် အရှင်မဟာဓမ္မရက္ခိတ အမှူးရှိသော ငါးရာသော ရဟန္တာအရှင်မြတ်တို့သည် ဘုန်းတန်ခိုးအာနုဘော် ကြီးမားတော်မူကုန်၏၊ ထိုရဟန္တာအရှင်မြတ်တို့၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

ဘုရားရှင်၏ကိုယ်စား ကမ္ဘာသူကမ္ဘာသားတို့ တည်ထား ကိုးကွယ်အပ်သော နဖူးသင်းကျစ်တော်, ညှပ်ရိုးတော်, စွယ်တော်, သွားတော်, ခေါက်တော်, မွေတော်, ဆံတော်, စေတီတော် ပုထိုးတော်, ရုပ်ပွါးတော်, ဆင်းတုတော်တို့သည် သက်တော်ထင်ရှား ဘုရားရှင်တို့ကဲ့သို့ သတ္တဝါတို့အား လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပေးတော်မူကုန်၏၊ ဘုန်းတန်ခိုး အာနုဘော် ကြီးမားတော်မူကုန်၏၊ ထိုနဖူးသင်းကျစ်တော်, ညှပ်ရိုးတော်, စွယ်တော်, သွားတော်, ခေါက်တော်, မွေတော်, ဆံတော်, စေတီတော်, ပုထိုးတော်, ရုပ်ပွါးတော်, ဆင်းတုတော် တို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်ရှင်း,

သိရိမင်္ဂလာ ပရိတ်တော်အဖွဲ့က အမြဲမပြတ် ရွတ်ဘတ် သရဇ္ဈာယ်အပ်သော မင်္ဂလသုတ်, ရတနသုတ်, မေတ္တသုတ်, ခန္ဓသုတ်, မောရသုတ်, ဝဋ္ဋသုတ်, ဓဇဂ္ဂသုတ်, အာဋာနာဋိယသုတ်, အင်္ဂုလိမာလသုတ်, ဗောဇ္ဈင်္ဂသုတ်, ပုဗ္ဗဏှသုတ်, မဟာသမယသုတ်, သမ္ဗာပရိဗ္ဗာဇနီယသုတ်, ပုရာဘေဒသုတ်, ကလဟဝိဝါဒသုတ်, စူဠဗျူဟသုတ်, မဟာဗျူဟသုတ်, တုဝဋကသုတ်, မဟာအာဋာနာဋိယသုတ်, အဘိဏှသုတ်, ဓမ္မစက္ကပ္ပဝတ္တနသုတ်, အနတ္တလက္ခဏသုတ်, ဓမ္မပဒပါဠိ, မဟာသတိပဋ္ဌာနသုတ်, ပဋ္ဌာနပါဠိ ပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသ, ဖြဟ္မဇာလသုတ်, ဆဒိသာပါလသုတ်

စက္ကုပရိတ္တသုတ်, ပရိမိတ္တဇာလသုတ်, ဥပ္ပါတသန္တိ ဤအမျိုးပေါင်း သုံးဆဲ့တမျိုးဟု ဆိုအပ်သော ပရိတ်တော်, တရားတော်, ဂါထာတော်, မန္တန်တော်, မန္တရားတော်တို့သည် တန်ခိုးအာနုဘော် ကြီးမားတော်မူကုန်၏၊ ထိုပရိတ်တော်, တရားတော်, ဂါထာတော်, မန္တန်တော်, မန္တရားတော်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်၎င်း,

မြဟ္မာမင်း, သိကြားမင်း, စတုလောကပါလ နတ်မင်းကြီးလေးပါး, ဘူမစိုး, ရုက္ခစိုး, အာကာသစိုး, နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ရွာစောင့်နတ်, မြို့စောင့်နတ်, ပြည်စောင့်နတ်, တိုင်းစောင့်နတ်, ကမ္ဘာစောင့်နတ်, သာသနာတော်စောင့်နတ်အစရှိကုန်သော နတ်အပေါင်းတို့သည် တန်ခိုးအာနုဘော် ကြီးမားတော်မူကုန်၏၊ ထိုနတ်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်၎င်း,

ပြဒါးဝိဇ္ဇာ, သံဝိဇ္ဇာ, ဆေးဝိဇ္ဇာ, အင်းဝိဇ္ဇာ, မန္တန်ဝိဇ္ဇာ, ဂန္ဓာရီဝိဇ္ဇာ, ဇော်ဂျီ, တပသီ အပေါင်းတို့သည် တန်ခိုးအာနုဘော်ကြီးမားကြကုန်၏၊ ထိုဝိဇ္ဇာ, ဇော်ဂျီ, တပသီတို့၏ တန်ခိုးတေဇော် အာနုဘော်တော်တို့ကြောင့်၎င်း,

အကျွန်ုပ်တို့နှင့်တကွ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့၏ ကိုယ်တွင်း, ကိုယ်ပ နှစ်ဝသော သန္တာန်တို့၌ ဖြစ်ဆဲ, ဖြစ်လတ္တံ့ ကုန်သော သုံးပါးသော ကပ်, ငါးပါးသော ရန်, ရှစ်ပါးသောအပြစ်, ဆယ်ပါးသောဒဏ်, တဆဲ့ခြောက်ပါးသော ဥပဒ္ဒဝေါ, နှစ်ဆဲ့ငါးပါးသောဘေး, သုံးဆဲ့နှစ်ပါးသောကံကြမ္မာ, ကိုးဆဲ့ခြောက်ပါးသော အနာရောဂါတို့သည် မိန်းကြာဘက်တွင် ရေမဘင်သကဲ့သို့ ကင်းစင်လွင့်ပျောက်ပါစေကုန်သောဝ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးနှင့်တကွ ကမ္ဘာကြီးတခုလုံး ရန်သူဘေး, သူခိုးဘေး, ဓားပြဘေး, သူပုန်ဘေး, စစ်ဘေးကြီးတို့မှ အမြဲထာဝရ ကင်းဝေးကြပါစေသောဝ်၊ အမြဲထာဝရ ငြိမ်းချမ်း၍ ဝပြော သာယာပါစေသောဝ်၊ လွတ်လပ်သော

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တည်တံ့ ခိုင်မြဲပါစေသော်၊ ကြက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံပါစေသော်။

ဗြဟ္မာမင်း, သိကြားမင်း, စတုလောကပါလ နတ်မင်းကြီးလေးပါးမှစ၍ သမ္မာဒေဝ နတ်အပေါင်းတို့သည်၎င်း, ဝိဇ္ဇာ, ဇော်ဂျီ, တပသီအပေါင်းတို့သည်၎င်း, ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို၎င်း, ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားမှစ၍ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများကို၎င်း တနေ့တခြားကြီးပွါး တိုးတက်အောင် စောင့်ရှောက်နိုင်စွ မစတော်မူကြပါစေသော်။

# သီရိမင်္ဂလာပရိတ်တော်ပြီး၏။

## သီရိမင်္ဂလာ နောက်ဆက်တွဲ

# အာဒိတ္တသုတ် နိဿယ

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမာနိ ဌာနာနိ၊ ဤ အကြောင်းတရားတို့ကို။ ဣတ္ထိယာ ဝါ၊ မိန်းမသည်၎င်း။ ပုရိသေန ဝါ၊ ယောက်ျားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ လူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်းသည်၎င်း။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။ ပဉ္စ၊ ငါးပါးသော အကြောင်းတရားတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား—

၁။ အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ အမှိ၊ ဖြင်၏။ ဇရံ၊ အိုခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိ-တဗ္ဗံ၊ ဆင်ခြင်အပ်၏။

၂။ အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ နာခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ ဗျာဓိံ၊ နာခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိ-တဗ္ဗံ၊ ဆင်ခြင်အပ်၏။

၃။ အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ မရဏံ၊ သေခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ညဥ့်မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

၄။ မေ၊ ငါ့အား။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ပိယေဟိ၊ ချစ်နှစ်သက်အပ်ကုန်သော။ မနာပေဟိ၊ နှလုံးကိုပွါးစေတတ်ကုန်သော အဆွေအမျိုး,အဆွေခင်ပွန်း,ချစ်ကျွမ်းဝင်သူတို့နှင့်။ နာနာ-ဘာဝေါ၊ အရပ်တပါးသို့ ပြောင်းသွားသဖြင့် ရှင်ကွဲ ကွဲရခြင်းသည်၎င်း။ ဝိနာဘာဝေါ၊ ဘဝတပါးသို့ ပြောင်းသွားသဖြင့်

